# ကြေးမုံ
# The Mirror

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (23-10-2008) (၅၈၄၀)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |





## အထည်ချုပ်စက်ရုံ ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ သာကေတမြို့နယ် သာကေတ စက်မှုဇုန်ရှိ Jewoo Manufacturing Co.,Ltd. ၏ အထည်ချုပ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# တောင်ဥက္ကလာပစက်မှုဇုန်နှင့် သာကေတစက်မှုဇုန်တို့ရှိ စက်ရုံများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး



**သာကေတမြို့နယ် သာကေတစက်မှုဇုန်ရှိ Jewoo Manufacturing Co.,Ltd. ၏ အထည်ချုပ်လုပ်မှုစက်ရုံကို တွေ့ရစဉ်။** (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက် စက်မှုဇုန်(၃)လမ်းရှိ တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် မြမာလာလမ်း သာကေတစက်မှုဇုန် ရန်နိုင်ဆွေ(၂)လမ်းရှိ Grand Wynn Manufacturing Ltd. ၏ Twin Brothers Seafood Cold Storage ၏ ငါး၊ ပုစွန် ထုတ်လုပ်မှုစက်ရုံ၊ မြမာလာလမ်းရှိ Jewoo Manufacturing Co., Ltd.၏ အထည်ချုပ်လုပ်မှုစက်ရုံတို့သို့ သွားရောက်၍ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

## ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်း ဖြန့်ဝေပေးနေခြင်းဖြစ်ပါသည်။

**သိန်းသန်းဝင်း(မလှိုင်)၏**

**(ဆောင်းပါး) စာမျက်နှာ-၆**


## ယနေ့ ကြေးမုံ ပြည်တွင်း၊ ပြည်ပသတင်းများအညွှန်း



အီရတ်နှင့် အာဖဂန် အခြေအနေ သတင်းများ

စာမျက်နှာ ၄



ကျန်းမာရေး သိပ္ပံ သတင်း

စာမျက်နှာ ၇



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲဝင်မျိုးဆက်သစ်တို့၏ ရင်တွင်းစကား

စာမျက်နှာ ၁၀

ကြေးမုံ The Mirror
၂၃-၁၀-၂၀၀၈
(ကြာသပတေးနေ့)

# ဒီရေတောဂေဟစနစ် ထိန်းသိမ်းထူထောင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ကြိုးပမ်း

ဒီရေတောများသည် ပင်လယ်နှင့်ကုန်းမြေကြားတွင် ပေါက်ရောက်နေသည့် အပင်အဖွဲ့အစည်းဖြစ်သည်။ ဒီရေ၊ မြေကြီး၊ ရေချို၊ ဇီဝဆွေးမြည့် အနည်အနှစ်နှင့် ရွှံ့မြေတို့ပါဝင်ဖွဲ့စည်း ဖြစ်တည်နေသည်။ ငါး၊ ပုစွန်၊ ကဏန်း၊ ကမာ၊ ဌာနေရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ တွားသွားသတ္တဝါများနှင့် ဇီဝမျိုးစုံမျိုးကွဲများ မှီခိုကျက်စားရာ ဂေဟစနစ်ကြီးတစ်ခု ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် ဒီရေတောဧရိယာ ဧက ၄၂ သန်းခန့်ရှိသည့်အနက် အရှေ့တောင်အာရှဒေသတွင် ဧက ၁၇ သန်းနှင့် မြန်မာနိုင်ငံတွင် ဧက တစ်သိန်းခုနစ်သောင်းကျော်ရှိကြောင်း သိရသည်။ ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် ကမ်းရိုးတန်း ဒီရေတောများနှင့် ကုန်းတွင်း ဒီရေတောများရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ တောတောင်ရေမြေနှင့် ဂေဟစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပါအဝင် သက်ရှိများအပေါ် အကျိုးပြုလျက်ရှိသည်။ ယင်းအကျိုးပြု သစ်တောဂေဟစနစ်များတွင် ဒီရေတောများလည်း အပါအဝင်ဖြစ်သည်။ ဒီရေတောများသည် လယ်မြေယာမြေများသို့ ဆားငန်ရေဝင်ရောက်မှုကို တားဆီးပေးသည့်အပြင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုမှလည်း အကာအကွယ်ပေးနိုင်သည်။ ထို့အပြင် ငါး၊ ပုစွန်များ တစ်နှစ်ပတ်လုံး ရှင်သန်ပေါက်ပွားကြီးထွားစေရန် အစာကွင်းဆက်ကို သဘာဝအလျောက် ဖြစ်ပေါ်စေသဖြင့် စားနပ်ရိက္ခာ ဖူလုံမှုအတွက် အကျိုးပြုလျက်ရှိသည်။

တစ်ဖက်မှ တိုးတက်ဖြစ်ထွန်းလာသော မြို့ပြဖြစ်ထွန်းမှုနှင့်အတူ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ ဒီရေတောများ ခုတ်ထွင်ရှင်းလင်းပြီး အခြားလုပ်ငန်းများ လုပ်ကိုင်လာခြင်း၊ လောင်စာအတွက် ထင်းခုတ်ခြင်းတို့ကြောင့် ဂေဟစနစ်များ ပျက်စီးကာ ရာသီဥတု ညီညွတ်မျှတမှုကိုပါ ထိခိုက်လာစေနိုင်သည်။

သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများ စားဝတ်နေမှု အထောက်အကူပြုစေရေးအတွက် တည်ရှိပြီး ဒီရေတောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသခံပြည်သူများနှင့်အတူ အကောင်အထည်ဖော်နေသည်။

မြန်မာ့ကမ်းရိုးတန်း ဒေသတစ်လျှောက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် ဒီရေတောစိုက်ခင်းများ ပြုစုပျိုးထောင်ခြင်း၊ လိုအပ်သောနည်းပညာနှင့် အထောက်အကူပစ္စည်းများ ပံ့ပိုးခြင်း၊ ဒီရေတောဂေဟစနစ် ထိန်းသိမ်းထူထောင်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများအားလုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင် ကြိုးပမ်းကြခြင်းဖြင့် သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထာဝစဉ် ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါသည်။ ။



# အခမဲ့ဆေးဝါးကုသရန် ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၂**

ခနောင်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆင်းရဲချို့တဲ့ ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ဆေးဝါးကုသမှုများကို နိုဝင်ဘာ ၂၁၊ ၂၂၊ ၂၃ရက်များတွင် ကုသပေးမည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိကြရာ အောက်တိုဘာ ၁၁ရက်က မြစ်သဲကျောက် ထုတ်လုပ်ရေး လုပ်ငန်းရှင်များဖြစ်သည့် ဦးရွှေမောင်၊ ဦးအောင်မြတ်သူ၊ ဦးအေးလွင်၊ ဦးသိန်းဝင်း၊ ဦးအေးမောင်တို့ စုပေါင်း၍ အလှူငွေကျပ် ၄၀၀၀၀၀၊ ခနောင်ဖြူမြို့နယ်လမန်းကျေးရွာအုပ်စု၊ ရွှေပြည်သစ် ဆန်စက်ပိုင်ရှင် ဦးစိုးတင့်၊ ဒေါ်သန်းဝင်းမိသားစုတို့က အလှူငွေကျပ် နှစ်သိန်း **(အပေါ်ပုံ)**တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ လာရောက်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ်ထွေအုပ်)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကဝတံတားနှင့်ပဲခူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် အင်းတကော်-ထုံးကြီး-ကဝလမ်းပေါ်ရှိ ကဝတံတားတည်ဆောက်ရေးစီမံကိန်း၌ တံတားပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကျောက်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါ ကဝတံတားမှာ ကဝမြို့နယ် (အင်းတကော်-ထုံးကြီး-ကဝလမ်း) မိုင်တိုင်အမှတ် ခုနစ်မိုင် ခုနစ်ဖာလုံ၌ ပဲခူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားပြီး အောက်ထည် လွန်တူးဘိုးပိုင်၊ အပေါ်ထည် ဘေလီသံပေါင် တစ်လမ်းသွားဖြစ်၍ အရှည်ပေ၅၆၀ ရှိပြီး ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပဲခူး-တောင်ငူ-မန္တလေး လမ်းပေါ်ရှိ ပဲခူးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ပဲခူးတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်း အကျယ် ၇၂ ပေ၊ ယာဉ်ခြောက်လမ်းသွားဖြစ်ပြီး လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီပါရှိကာ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဒေါက်တာကျော်မြင့်အား UNOPS မှ Regional Director လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား United Nations Office for Project Services (UNOPS)မှ Regional Director, Mr.Wang Yue သည် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ခုခံကျ/ ကာလသားရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံချက်များမှ စီမံချက်မန်နေဂျာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား United Nations Office for Project Services (UNOPS) မှ Regional Director, Mr. Wang Yue လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဒုတိယ မြို့နယ်တရားသူကြီးများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၈)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်ခဲ့သော အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၂) တို့တွင် ဆုရရှိခဲ့ကြသည့် ဒုတိယ မြို့နယ်တရားသူကြီးများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် တရားရုံးချုပ် (ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဒုတိယ မြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၈)တွင်ပထမနှင့်ဒုတိယ ရရှိသူများအားလည်းကောင်း၊ အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၂)တွင် သင်တန်းသား စံပြဆု၊ သင်တန်းသူစံပြဆု **(အောက်ပုံ)**၊ သင်တန်းသား ပထမဆု၊သင်တန်းသူ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းသူ သေနတ်ပစ်ထူးချွန်ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုချီးမြှင့်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲသို့ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီး၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၆၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အထက(၁) အင်းစိန် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ယခင် အစိုးရတန်းမြင့်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အပါအဝင် အထက(၁) အင်းစိန်၏ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် အထက(၁) အင်းစိန်ကျောင်းခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

အကြိုညှိနှိုင်း အစည်းအဝေးများကိုလည်း အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုပါက ဦးဘဌေး ဖုန်း-၆၄၀၀၉၄၊ ဦးတင့်စိန်ဖူး ဖုန်း-၆၄၃၉၇၄၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၃ နှင့် ဒေါ်ခင်လှသိန်း၊ ဒေါ်အေးအေးသန်း အထက(၁)အင်းစိန်တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (၅၄၂)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် နမ့်စန်နှင့်လဲချား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းတွင် နမ့်စန်မြို့နယ်ရှိ နမ့်စန်-ကျိုင်းတုံ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး နမ့်စန်-ကျိုင်းတုံ ရထားလမ်းသစ် ဖောက်လုပ်နိုင်ရေးအတွက် လမ်းအူကြောင်းလျာထားမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နမ့်စန်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာရုံးသို့ ဝင်ရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ နမ့်စန်-လဲချား လမ်းဘေးဝဲယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော ဆီထွက်သီးနှံ ပန်းနှမ်းခင်းများ၊ စပါးစိုက်ခင်းများ၊ လမ်းတံတားအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လဲချားမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ သင်ကြားမှု သင်ယူမှု အထောက်အကူပြုခန်းမများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လဲချားမြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်လူနာများအား စားသောက်ဖွယ်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာငွေရီခိုင်ထံ ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လဲချားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(နောင်မွန်း)သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို လည်းကောင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းမှူးတို့သည် လမ်းတံတားဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လဲချား-ဝမ်ဖွန်း-မိုင်းနောင်-ဝမ်ဟုတ်လမ်း၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်း တိုးတက်ပြုပြင်မှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လွိုင်လင်ခရိုင်နှင့် တောင်ကြီးခရိုင်အတွင်းရှိ လမ်းတံတားအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များကိုမှာကြားညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)







**သာကေတမြို့နယ် သာကေတ စက်မှုဇုန်ရှိ Jewoo Manufacturing Co., Ltd. ၏ အထည်ချုပ်လုပ်မှု စက်ရုံတွင် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။** *(သတင်း-ရွှေဖုံး)*

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လဲချားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများပညာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မစ္စတာ လာဇာရို ဟာရဲရာ မာတီနက်ဇ်အား ကျူးဘားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ လာဇာရို ဟာရဲရာ မာတီနက်ဇ်အား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။**

မစ္စတာ လာဇာရို ဟာရဲရာ မာတီနက်ဇ်သည် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် နိုင်ငံတကာဆက်ဆံရေးဘွဲ့ ရရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ကာ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကျူးဘားသမ္မတနိုင်ငံသံရုံး၌ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တတိယအတွင်းဝန် အဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ သံမှူးကြီး အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဘဟားမားမြေသဟာယ နိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ လာဇာရို ဟာရဲရာ မာတီနက်ဇ်သည် ၂၀၀၆ ခုနှစ်မှ ယနေ့အထိ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှနှင့်အိုးရှင်းနီးယားဌာနတွင် အကြီးတန်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ လာဇာရို ဟာရဲရာ မာတီနက်ဇ်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ကလေးနှစ်ဦးရှိသည်။ (သတင်းစဉ်)

# စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

စာရင်းစစ်မှူးများလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၈ | ၂၃-၁၀-၂၀၀၈<br>(ကြာသပတေးနေ့) | စိုက်ပျိုးရေးတက္ကသိုလ်<br>(စုဝေးခန်းမ) | အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ် | ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး)<br>အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း)(အမျိုးသား) | ၀၉း၀၀<br>၁၃း၀၀ |
| | | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်<br>(ဘွဲ့နှင်းသဘင်ခန်းမ) | ကွက်စိပ်ပြိုင်ပွဲ<br>ဇာတ်သဘင် | ရာဟုလာအမွေတောင်းခန်း<br>ဘူရိဒတ်ဇာတ်တော်ကြီး(မန္တလေးတိုင်း) | ၀၉း၀၀<br>၁၉း၀၀ |
| | | သစ်တောသုတေသနဌာန<br>(စုဝေးခန်းမ) | အတီး(တယော)<br>အတီး(တယော) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး)<br>အခြေခံပညာအသက်(၁၅နှစ်ပြည့် ၂၀အတွင်း)(အမျိုးသား)(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ်<br>(စာသင်ခန်းမ) | အတီး(ပတ္တလား)<br>အတီး(ပတ္တလား) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း)(အမျိုးသား)<br>ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | စိုက်ပျိုးရေးသုတေသန<br>ဦးစီးဌာန(စုဝေးခန်းမ) | အတီး(ဒုံမင်း)<br>အတီး(ဒုံမင်း)<br>အတီး(ဒုံမင်း) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)<br>အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း)(အမျိုးသမီး)<br>အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ်<br>(ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းတစ်ဦးချင်း)<br>အတီး(ဆိုင်းတစ်ဦးချင်း)<br>အတီး(ဆိုင်းတစ်ဦးချင်း) | ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး)<br>အဆင့်မြင့်ပညာ(အမျိုးသမီး)<br>အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | ၀၉း၀၀<br>၁၃း၀၀ |
| | | အမှတ်(၇)တည်းခိုရေးစခန်း<br>(သင်တန်းခန်းမဆောင်) | အရေး(သီချင်းပြိုင်ပွဲ) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား/အမျိုးသမီး) | ၀၉း၀၀ |

အတည်ပြုချိန် ၂း၃၀



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသော နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ကဘူး၌ အမေရိကန်လူမျိုး ဆရာမပစ်သတ်ခံရ

**ကဘူး အောက်တိုဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အောက်တိုဘာ ၂၀ရက်က အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အမေရိကန်လူမျိုး ဆရာမတစ်ဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖြစ်ပွားပုံမှာ ဒေသစံတော်ချိန်နံနက် ၇ နာရီ ၄၅ မိနစ်က ကဘူးမြို့ ကာတီချားဒေသတွင် ဆိုင်ကယ်စီးသေနတ်သမားနှစ်ဦး ပစ်ခတ်မှုကြောင့် အမေရိကန်အမျိုးသမီးတစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

တာဝန်ရှိသူက သေဆုံးသူမှာ ဆရာမတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသော်လည်း ကဘူးတက္ကသိုလ် သို့မဟုတ် ပုဂ္ဂလိကကောလိပ်များ၌ သင်ကြားနေသည့် ဆရာမတစ်ဦးဖြစ်ကြောင်း ပြောကြားရန်ငြင်းဆိုခဲ့သည်။

***အမ်အင်အေ/ဆင်ဟွာ။***

## အာဖဂန်နစ္စတန်မြောက်ပိုင်း၌ အသေခံတိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**ကဘူး အောက်တိုဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒတ်ပြည်နယ်တွင် အောက်တိုဘာ ၂၀ရက်ကအသေခံတိုက်ခိုက်မှုကြောင့် နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ နှစ်ဦးနှင့် ကလေးငါးဦးသေဆုံးကြောင်းအိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ကပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား တစ်ဦးလည်း ဒဏ်ရာရရှိကြောင်း ထည့်သွင်းပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒတ်နှင့် ဘာဒက်ရှန်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ဂျာမန်တပ်ဖွဲ့ဝင် ၃၅၀၀ခန့် တပ်ဖြန့်ချထားသည်။

အိုင်အက်စ်အေအက်ဖ် မူဝါဒအရ သေကျေဒဏ်ရာရရှိသူမှာ မည်သည့်နိုင်ငံသားဖြစ်သည်ကို ထုတ်ပြန်ခြင်း မရှိကြောင်း သိရသည်။

***အမ်အင်အေ/ဆင်ဟွာ။***



အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာဒေသတွင် နေတိုးတပ်ဖွဲ့ ယာဉ်တန်းအား ဗုံးဖြင့်တိုက်ခိုက်ခံရသောနေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်နှင့် အာဖဂန်အခြေအနေသတင်းများ

## အမေရိကန်-အီရတ်သဘောတူညီချက် ကန့်ကွက်မှုများနှင့်ရင်ဆိုင်ရပြီ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၁**

ကုလသမဂ္ဂ၏ အခွင့်အာဏာ ကုန်ဆုံးရန် နီးကပ်လာချိန်တွင် ကာလရှည်လျားစွာ နှောင့်နှေးကြန့်ကြာခဲ့ရသော အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ် ကုန်ပြီးနောက် ဆက်လက်ရှိစေမည့် အီရတ်- အမေရိကန် သဘောတူညီချက်သည် ကန့်ကွက်မှုများနှင့် ထိပ်တိုက်တွေ့နေရပြီ ဖြစ်သည်။

အီရတ်ပါလီမန်တွင် အကြီးမားဆုံးသောနိုင်ငံရေးအုပ်စုဖြစ်သည့်ယူနီဖိုက် အီရတ်ကီအလိုင်းယင့်စ် (ယူအိုင်အေ) က တနင်္ဂနွေနေ့တွင် သဘောတူညီချက်မူကြမ်းကိုပြဿနာများရှိနေသည့်ကြားမှ တင်ပြခဲ့သည်။ ယင်းသည် နှစ်ကုန်ပိုင်းတွင် စာချုပ်အဖြစ် ပေါ်ထွက်လာမည်ဟု မျှော်လင့်ချက်တို့သည် ထပ်မံမှုန်ဝါးသွားစေသည်။

ယူအိုင်အေမှထိပ်တန်းခေါင်းဆောင်များနှင့် လက်ရှိသဘောတူညီချက်မူကြမ်းကို သုံးသပ်ပြီးနောက် အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ပြည်သူ့အကျိုးစီးပွားနှင့် အီရတ်နိုင်ငံ၏ အချုပ်အခြာပိုင်ဆိုင်ခွင့်ကို အာမခံရန်အလို့ငှာပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်ဟု မာလီကီ၏ ဒါဝါပါတီနှင့် စူပရင်းအီရတ်ကီ အစ္စလာမ်မစ်ကောင်စီတို့မှကြေညာချက်တွင် ဖော်ပြထားသည်။

စာချုပ်မူကြမ်းတွင်အပြုသဘောဆောင်သော အချက်အလက်များ ပါဝင်သော်လည်း ထပ်မံဆွေးနွေးညှိနှိုင်းရန်နှင့် အချို့သော စာသားအချက်အလက်များကို ပြင်ဆင်ရန် လိုအပ်ချက်ရှိသေးသည်ဟုကြေညာချက်တွင် ရေးသားထားသည်။

မည်သည့်အချက်အလက်များသည် ဆန္ဒနှင့် မကိုက်ညီကြောင်း တိတိကျကျ ဖော်ပြမထားပေ။

အီရတ်ခေါင်းဆောင်များကအမေရိကန်တပ်ဖွဲ့ဝင်များနှင့်ကန်ထရိုက်တာများ၏ ကင်းလွတ်ခွင့် အပါအဝင် ခေါင်းစဉ်ကြီးခုနစ်ခုကို လေ့လာခဲ့ကြကြောင်းယူအိုင်အေမှ ထိပ်တန်း ပုဂ္ဂိုလ်တစ်ဦးက အာရေးဗီးယား ရုပ်မြင်သံကြားလိုင်းသို့ ပြောကြားခဲ့သည်။

***အင်တာနက်။***

## စက်တင်ဘာလတွင် အိုဘားမား ကောက်ခံရရှိသောရန်ပုံငွေ ဒေါ်လာသန်း ၁၅၀ စံချိန်တင်

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဘာရက် အိုဘားမား၏ ရွေးကောက်ပွဲစည်းရုံးရေးအဖွဲ့က စက်တင်ဘာလအတွင်းအလှူရှင်များထံမှအမေရိကန် ဒေါ်လာသန်း ၁၅၀ ရန်ပုံငွေရရှိခဲ့ကြောင်း၊ရန်ပုံငွေရှာဖွေရေးတွင်အမြင့်ဆုံးရရှိမှုအဖြစ် စံချိန်တင်ကြောင်း တနင်္ဂနွေနေ့က ကြေညာသည်။

စည်းရုံးရေးလှုပ်ရှားမှုဗီဒီယိုပြကွက်တစ်ခုတွင် အိုဘားမား၏ စည်းရုံးရေးမန်နေဂျာဒေးဗစ်ပလော့ဖီးက အလှူရှင်အသစ် ၆၃၂၀၀၀က အလှူငွေများ လှူဒါန်းခဲ့ကြောင်း၊ တစ်ဦးလျှင် ပျမ်းမျှဒေါ်လာ ၁၀၀အောက် လှူဒါန်းကြကြောင်း ပြောကြားသည်။

***အမ်အင်အေ/ဆင်ဟွာ။***

## ပါကစ္စတန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက် စစ်သွေးကြွ ခြောက်ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၁**

အာဖဂန်နစ္စတန်နယ်စပ်ရှိ ဘာဂျာ လူမျိုးစုဒေသတွင်တာလီဘန်စစ်သွေးကြွနေရာများအား ပါကစ္စတန်တိုက်လေယာဉ်များက တိုက်ခိုက်မှုကြောင့် စစ်သွေးကြွအနည်းဆုံး ခြောက်ဦးသေဆုံးပြီး အချို့ဒဏ်ရာပြင်းထန်စွာရရှိသည်။ တိုက်လေယာဉ်များသည် တာလီဘန်များကြီးစိုးသော ဘာဂျာဒေသချာမန်နှင့် လွိုင်ဆမ်ခရိုင်ရှိ အချို့ နေရာများ၌ စစ်သွေးကြွများအား လေကြောင်းမှ ပစ်ခတ်ခဲ့သည်။

***အမ်အင်အေ/ပီတီအိုင်။***

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ရီနိုစာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို အောက်တိုဘာ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

## အိုအီးစီဒီနိုင်ငံများတွင် ဆင်းရဲချမ်းသာကွာဟမှု ကြီးထွားလာ

**ပါရီ အောက်တိုဘာ ၂၁**

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်(အိုအီးစီဒီ)နိုင်ငံများ၏ လေးပုံသုံးပုံတွင် ချမ်းသာမှုနှင့်ဆင်းရဲမှုကွာဟမှုမှာလွန်ခဲ့သောအနှစ်၂၀အတွင်း ကြီးထွားလာကြောင်း အိုအီးစီဒီ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁၉၈၀ပြည့်နှစ်များကတည်းကပြင်သစ်၊ဂရိနှင့်စပိန်နိုင်ငံတို့သည် အဆိုပါကွာဟချက်ကျဉ်းမြောင်းသော နိုင်ငံအနည်းငယ်မှအချို့ဖြစ်သည်ဟု ပါရီအခြေစိုက်ထားသော အိုအီးစီဒီကပြောကြားသည်။လွန်ခဲ့သော ငါးနှစ်ကျော်ကာလအတွင်းတွင် ဝင်ငွေမညီမျှမှုနှင့်ဆင်းရဲသော လူဦးရေများပြားလာခြင်းတို့သည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျာမနီနှင့် နော်ဝေးတို့တွင် အများဆုံး ဖြစ်သည်။ ဂရိ၊ မက္ကဆီကိုနှင့်ဗြိတိန်တို့တွင် ဝင်ငွေမညီမျှမှုသည် ကျဉ်းမြောင်းသွားသည်။

အလုပ်လက်မဲ့များအကြားတွင်လုပ်ငန်းကျွမ်းကျင်မှုနိမ့်ပါးခြင်းနှင့်ပညာမဲ့ခြင်းတို့သည် ဝင်ငွေကွာဟချက်ကြီးမားရခြင်း၏ အဓိကအကြောင်းများထဲမှ တစ်ခုဖြစ်သည်။ ပျမ်းမျှအားဖြင့် ဝင်ငွေမညီမျှမှုကို သုံးပုံတစ်ပုံခန့်လျှော့ချခြင်းအားဖြင့် အစိုးရ၏အခွန်အကောက်များမှတစ်ဆင့် ဖြန့်ဝေခြင်းနှင့်အကျိုးကျေးဇူးများကို ဖြန့်ဝေခြင်းတို့ကို ကာမိစေသည်။

ဝင်ငွေမညီမျှမှုတိုးလာရခြင်း၏ အကြီးဆုံးအပိုင်းသည် အလုပ်သမားဈေးကွက်အပြောင်းအလဲ ရှိလာခြင်းကြောင့်ဖြစ်သည်။ ယင်းကိစ္စကို အစိုးရပိုင်းက ပေးရမည်ဖြစ်သည်ဟု အိုအီးစီဒီအတွင်းရေးမှူးချုပ် အန်ဂျယ်လ်ဂါရီယာက ကြေညာချက်တွင်ရေးသားထားသည်။ အလုပ်အကိုင်ရရှိမှုတိုးပွားလာခြင်းသည် ဆင်းရဲမှုကို လျှော့ချရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

***အင်တာနက်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ် နက်ဟေးလမ်းတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးအား ကင်ဒီဆေးရုံ၌ အောက်တိုဘာ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ၂၀၀၉ခုနှစ်ကုန်တွင် လူဦးရေ သန်း ၂၀ အလုပ်အကိုင် ဆုံးရှုံးမည်ဟုဆို

**ဂျီနီဗာ အောက်တိုဘာ ၂၁**

ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းနှင့် ကြုံတွေ့နေရသောကြောင့် လာမည့်နှစ်ကုန်ပိုင်းတွင် လူဦးရေသန်း ၂၀ ခန့်မှာ အလုပ်အကိုင်များ ဆုံးရှုံးသွားနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)၏ အကြီးအကဲက တနင်္လာနေ့တွင် ပြောကြားသည်။

အိုင်အယ်လ်အို၏ ကြိုတင်ခန့်မှန်းထားသောကိန်းဂဏန်းများအရ အလုပ်လက်မဲ့ဦးရေသည် ၂၀၀၇ ခုနှစ်တွင် သန်း ၁၉၀ မှ ၂၀၀၉ခုနှစ်တွင် သန်း ၂၁၀ သို့ တက်လာနိုင်သည်ဟု အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ် ဂွါန်ဆိုမားဗီးယားက ပြောကြားသည်။ တစ်ရက်လျှင် လုပ်အားခတစ်ဒေါ်လာအောက်ရရှိသော ဆင်းရဲသားအလုပ်သမားဦးရေသည် သန်း ၄၀ နီးပါးသို့လည်းကောင်း၊ တစ်ရက်လျှင် နှစ်ဒေါ်လာရရှိသော အလုပ်သမားဦးရေသည် သန်း ၁၀၀သို့လည်းကောင်း တက်လာနိုင်ကြောင်း ဆိုမားဗီးယားက ထပ်မံပြောကြားသည်။ ယခုဘဏ္ဍာရေးပြဿနာကြောင့် ထိခိုက်နိုင်သည့် လုပ်ငန်းရပ်များမှာ ဆောက်လုပ်ရေး၊ မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အိမ်ရာမြေရောင်းဝယ်ရေးလုပ်ငန်းတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းသည် ဝေါလ်စထရီတစ်ခုတည်း၏ ပြဿနာမဟုတ်ဘဲ လူတန်းစားအလွှာအသီးသီး၏ ပြဿနာဖြစ်သည်ဟု ၎င်းကဆိုလိုက်သည်။ အလုပ်လုပ်နေကြသော မိသားစုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် သင့်တင့်လျောက်ပတ်သောအလုပ်များ ဖန်တီးပေးနိုင်သော စည်းမျဉ်းများ မူဝါဒများဖြင့် စီးပွားရေးကယ်တင်မှု စီမံကိန်းများ လိုအပ်လျက်ရှိပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် လစာနှုန်းထားနှင့်လည်းကောင်း၊ အလုပ်သမားအင်အား တိုးတက်ခြင်းနှင့်လည်းကောင်း ဆက်စပ်ထားရမည်ဟု ၎င်းက ထပ်မံပြောကြားသည်။

***အမ်အင်အေ/ဆင်ဟွာ။***



❐ ကျောဖုံးမှ

ခေတ်ဟောင်း ကိုဒေါင်းစိန်တို့ ခေတ်က သူတစ်ပါးအင်းများ၊ ပိုက်ချက်များအတွင်း ငါးခိုးဖမ်းကြရ၏။ ခေတ်သစ်ရေလုပ်သား ကိုဒေါင်းစိန်တို့မှာမူ နိုင်ငံတော်၏ ခွင့်ပြုချက်ကြောင့် မြစ်ကြောင်း၊ မြစ်လက်တက်တစ်လျှောက် အခမဲ့သုံးလ ငါးရှာ၊ ဖားရှာခွင့်ရခဲ့ကြပေသည်။

မုန်တိုင်းသင့်ဒေသ လပွတ္တာမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် နိုင်ငံတော်က စက်ပါလှေပေါင်း ၄၉၀၃စီး၊ ကျားပိုက်အဖုံ၅၀၊ ငါးသလောက်ပိုက်၁၁၆၇ဖုံ၊ ငါးပုတ်သင်ပိုက်၂၂ဖုံ၊ ငါးမုတ်မျှော့ပိုက် ၅၀၆ဖုံ၊ ပိုက်စိမ်း(မျှင်တောင်) ၁၁၂ဖုံ၊ ကွန် ၁၂၅၁ ဖုံ၊ ရင်တွန်းပိုက် ၁၂၈၂ ဖုံနှင့် ကွင်းတားပိုက် ၉၀၀ တို့ကို ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပြည်တွင်းအဖွဲ့အစည်းများက ကဏန်းမြှုံး၁၆၁၀၊ အနုမြှုံးမျှော ၁၄ ဖုံ၊ ငါးပုတ်သင်ပိုက်တစ်ဖုံတို့ကို ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

သို့မို့ကြောင့် ရွှေမြစ်ကြောင်းတစ်လျှောက်တွင် စက်ပါလှေနှင့် ကျားပိုက်၊ ငါးသလောက်ပိုက်တို့ကိုယ်စီဖြင့် ရေလုပ်သားအပေါင်းတို့ ပြည့်နှက်နေသည်။ ရေလုပ်သားကြီးတစ်ဦးနှင့် လှေချင်းအယှဉ်တွင် ကျွန်တော်က “ဗျို့ ဆရာကြီး ဘာငါးတွေမိထားသလဲ” ဟု မေးမြန်းကြည့်ရာ ရွှေအိုရောင်တောက်ပနေသောငါးသလောက်ကြီးတစ်ကောင်ကို မြှောက်ပြလေသည်။ ကျွန်တော်တို့ လှေပေါ်ပါသူတစ်ဦးက “ဒီတစ်ကောင်ဆို အနည်းဆုံး၇၀၀၀၊ ၈၀၀၀ လောက် တန်တယ်” ဟု တန်ဖိုးဖြတ်ပြ၍ မဆီမဆိုင် ဝမ်းမြောက်မှုဖြစ်ရသေးသည်။

လပွတ္တာမြို့ သနပ်ဖက်ကျေးရွာအုပ်စု မြခိုင်ကျေးရွာသို့ သွားရောက်ခဲ့ကြရာ ကျွန်တော်တို့လှေဦး ကမ်းဆိုက်လိုက်သော်လည်း ဆိပ်ကမ်းတွင် တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရ။ ကျေးရွာမြင်ကွင်းမှာလည်း ယခင်နှင့်မတူ၊ ရွာမှာ တိတ်ဆိတ်နေသည်။

ရွာဦးမှ ဗျို့ ဟစ်လိုက်ပါမှ အိမ်ကြီးတစ်အိမ်အတွင်းမှ လူများ အလျှိုလျှို ထွက်လာကြသည်။ ခေတ်သစ် ကိုဒေါင်းစိန်တို့ကား ရေကျချိန်ကိုစောင့်ရင်း ဂျက်ကီချမ်း ဗီဒီယိုကားနှင့် ငြိမ့်နေကြခြင်းပင်။

ရေနွေးအိုးချသူချ၊ ဖျာခင်းသူခင်းဖြင့် ကျွန်တော်တို့လာမှ သူတို့စည်းစိမ်ပျက်ရချေပြီ။ “ကဲဆို. . . ဆရာကြီးတို့ ဘာကိစ္စလဲ” ဟု မေးပြော ပြောရာ “ဦးလေးတို့ ရေလုပ်ငန်းတွေ လည်ပတ်နေမှု အခြေအနေကို ပြည်သူတွေကို တင်ပြချင်လို့ လာမေးတာပါ” ဟု ကျွန်တော်က ပြန်ဖြေလိုက်ပါသည်။“လာပါ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့ဗျာ၊ ရေနွေးကြမ်းသောက်ရင်း စကားဝိုင်း ဖွဲ့ကြတာပေါ့”ဟု ရေလုပ်သားကြီး ကိုမြင့်ဦးက နွေးထွေးစွာ ဖိတ်ခေါ်ပြောကြားပါသည်။

“ပြည်တွင်း၊ ပြည်ပက ဘယ်သူမဆိုလာမေးကြပါ။ ကျွန်တော်တို့ကတော့ တကယ့်အမှန်အတိုင်းပဲ ဖြေမှာပါ။ တကယ်လည်း အဆင်ပြေနေတာကိုး။ ဆန်၊ ဆီ၊ ပဲ အကုန်လုံးပေးလို့ အခုရေလုပ်ငန်းက ရတဲ့ငွေကအသားတင်ပဲ၊ လာထောက်ပံ့တဲ့ ခြင်ထောင်တွေ၊ စောင်တွေလည်း လူတိုင်းရကြပါတယ်။ ပဲဆိုရင်လည်း အရင်က ကျွန်တော်တို့ မစားနိုင်တဲ့ ကုလားပဲဗျ။

စက်ပါတဲ့ လှေလည်းပေးလို့ အခုဆို ကျွန်တော်တို့ မိသားစု လပွတ္တာကို သွားရင်အေးအေးဆေးဆေးပဲ။ အရင်ကဆိုလက်မောင်းအောင့်မတတ်ခတ်ပြီး သွားရတာ။ နိုင်ငံတော်နဲ့ အလှူရှင်တွေရဲ့ကျေးဇူးကို ကျွန်တော်တို့ ဘယ်မေ့ပါ့မလဲဗျာ။ ညတိုင်းမေတ္တာပို့ပါတယ်။ တကယ့်သစ္စာစကားပါဗျာ” ဟု ရေလုပ်သားကြီး ကိုမြင့်ဦးက အားပါးတရ ပြောပြပါသည်။

အသက်အနည်းငယ်ကြီးသူ ဦးခွေးလေးကလည်း “ကျွန်တော်ဆို ရေလုပ်ငန်းကို (၁၅)နှစ်သားထဲက လုပ်တာ၊ အဲ့ဒီတုန်းက ရေလုပ်သားတွေ ဒီလောက်သိပ်မများကြသေးဘူး။ ပိုက်တစ်ဖုံဆို မိသားစု တစ်စုလုံး အေးအေးဆေးဆေးပဲ။ အခုတော့ ရေလုပ်သားတွေများလာလို့ လူငယ်တွေပြိုင်ပြီး လုပ်နေရတယ်။ကျွန်တော်တို့ဘက်က ကျားပိုက်ပဲသုံးတာများတယ်။ မိတဲ့ပုစွန်တွေကိုတော့ အခြောက်လှမ်းပြီးမှ ဒိုင်ကို ပြန်ရောင်းပါတယ်။ နာဂစ်တိုက်ပြီး ရက်ပိုင်းကဆိုရင် ရှိတဲ့ပိုက်အပြဲလေး၊ လှေအစုတ်ကလေးနဲ့တောင် ငါးဖမ်းပြီး အသက်ဆက်နေနိုင်ခဲ့သေးတာ။ အခုဆို စက်နဲ့ လှေနဲ့ ပိုက်နဲ့ဗျာ။ သူတစ်ပါးကိုမှီခိုပြီး လှူသမျှ၊ ပေးသမျှ လက်ခံယူနဲ့ ထိုင်စားမနေချင်ပါဘူးဗျာ။ ကိုယ့်ခွန်ကိုယ့်အားနဲ့ အလုပ်လုပ်ပြီး ကိုယ်လည်းဝမ်းဝ၊ နိုင်ငံအတွက်လည်း အထောက်အကူဖြစ်တဲ့ တန်ဖိုးရှိတဲ့လူပဲ ဖြစ်ချင်ပါတယ်။” ဟု အားမာန်အပြည့်ဖြင့် ဆိုရှာသည်။

လူလတ်ပိုင်းအရွယ်ရှိ ကိုကျော်ဝင်းတင်ကလည်း “ကျွန်တော်က ရေလုပ်ငန်းရော လယ်ရော လုပ်ပါတယ်။လယ်က ၂၂ဧကရှိပြီးမနေ့သုခရယ်၊ ခွန်ဝါရယ် စိုက်ပါတယ်။ နိုင်ငံတော်က မျိုးစပါးတင်း၂၀၊ လယ်ယာ ၁၆ လက်တွန်းထွန်စက် တစ်စီးနဲ့ ထွန်ယက်ဆီတစ်ဧကေ သုံးဂါလန်နှုန်း၊ ဓာတ်မြေဩဇာတွေ ထောက်ပံ့ပေးပါတယ်။ ကျွန်တော့်လယ်က အခု တစ်ဧကကို ပျမ်းမျှ တင်း၇၀လောက် ထွက်မယ်လို့ထင်ပါတယ်”ဟုဆိုသည်။

ညနေစောင်းသော် ကျွန်တော်တို့ မြခိုင်ရွာမှ ပြန်လည်ထွက်ခွာလာခဲ့ကြရာ ရွှေမြစ်ကြောင်းပေါ်မှ နေ၍ လပွတ္တာမြို့ကို သစ်လွင်လှပစွာ လှမ်းမြင် တွေ့ရလေသည်။

လပွတ္တာမြို့က ယခင်နှင့်ယခု လုံးလုံးပြောင်းလဲခဲ့ချေပြီ။ မြို့အင်္ဂါရပ်နှင့်အညီ ပြန်လည်စည်ကားခဲ့ချေပြီ။ မုန်တိုင်းအလွန် ရှန်းထနိုင်ခဲ့ချေပြီ။ အခြေခံကျောင်းပေါင်း ၁၈၁ကျောင်းကို ပြင်ဆင်နိုင်ခဲ့ပြီး ယာယီကျောင်းဆောင်များ အပါအဝင် ကျောင်းပေါင်း ၂၆၆ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၆၈၅၃ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေး ကဏ္ဍ အနေဖြင့် ဆေးရုံ၊ ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲအပါအဝင် စုစုပေါင်း ၅၈ ရုံ ဖွင့်လှစ်ကုသပေးလျက်ရှိသည်။

လျှပ်စစ် ဓာတ်အားလိုင်းများ၊ ဆက်သွယ်ရေးမိုက္ကရိုဝေ့ဗ် အော်တိုအိတ်ချိန်းအားလုံးကိုလည်း ပြုပြင်ဆောင်ရွက်ပြီးခဲ့ချေပြီ။ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များမှ လှူဒါန်းထားသော ရေသန့်စင်စက်များကြောင့် သောက်သုံးရေအတွက် ရေချို၊ ရေသန့်များ ရရှိပြီး ရေတွင်း၊ ရေကန်များအားလည်း ပြန်လည်ပြုပြင်မွမ်းမံ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ပုံမှန်ဆေးခတ်ပေးနေခြင်းကြောင့် သောက်သုံးရေအတွက် အခက်အခဲမရှိကြပေ။

လပွတ္တာမြို့နယ်၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ဖြစ်ကြရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် ပြုစုထူထောင်နိုင်ရေးအတွက်လည်း နိုင်ငံတော်နှင့်ပြည်တွင်းပြည်ပ အဖွဲ့အစည်းတို့က ထောက်ပံ့ကူညီပေးခဲ့ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် မျိုးစပါး ၆၇၉၁၀၃ ဒသမ ၅တင်း၊ လယ်ယာ(၁၆)၊ လယ်ယာ(၂၂)၊ တစ်ဘီးတပ်၊ နှစ်ဘီးတပ်၊ ဒေါင်ဖန်း၊ ယိုးဒယား(ဆင်)နှင့် ရော(၁) အမျိုးအစား လက်တွန်းထွန်စက် ၃၆၇၀စီး၊ ကျွဲ ၆၃၄ကောင်နှင့် နွား ၂၅၈ကောင်၊ ထွန်ယက်ဆီ၄၈၇၂၂၇ ဂါလန်အပါအဝင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ဖြန့်ဖြူးပေးခဲ့၍ ယခုနှစ် မိုးစပါး၄၂၅၁၇၃ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

မြို့နယ်အတွင်းရှိ ရေလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် စက်ပါငါးဖမ်းလှေပေါင်း ၄၉၀၃ စီးနှင့် ငါးဖမ်းပိုက်မျိုးစုံ ၅၃၀၃ ဖုံတို့ကို ထောက်ပံ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းဆားလုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ရေးအတွက် ရေစုပ်စက်၊ စက်သုံးဆီ၊ သစ်၊ တာပေါ်လင်စ စသည့် ထောက်ပံ့မှုများအပြင် ဆားလုပ်ဧက ၂၆၆၁၃ ဧကအတွက် ဆားလုပ်ငန်းရှင်၇၅၈ ဦးတို့အား မြဝတီဘဏ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်နှင့် ကမ္ဘောဇဘဏ်တို့မှ ငွေကျပ်သန်းပေါင်း ၇၄၁၈သန်းတို့ကို ထုတ်ချေးပေးနေကြောင်း သိရသည်။

နေထိုင်ရေးအတွက်မူ လူနေအိမ် ၁၆၅၈ လုံး ဆောက်လုပ်ပေးခဲ့ပြီး ဆောက်လုပ်ဆဲ ၅၉၁လုံးနှင့် ဆောက်လုပ်ရန် ကျန်ရှိသော ၂၀၆၆လုံးတို့ကို ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညပိုင်းရောက်သော် ကျွန်တော်တို့ သည် လပွတ္တာမြို့မှ နှုတ်ဆက်ထွက်ခွာခဲ့ကြပါသည်။ သို့သော် ကျွန်တော့်၏ စိတ်အလျဉ်တွင်မူ နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ဧရာဝတီတိုင်း လေဘေးသင့် ဒေသများ၏ပုံရိပ်များကိုပြန်လည် မြင်ယောင်လျက်ရှိနေပါတော့သည်။ ။



လပွတ္တာမြို့နယ် ရှမ်းစုကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကို တွေ့ရစဉ်။



ရွှေမြစ်တစ်လျှောက် ရေလုပ်သားများ ငါးဖမ်းခြင်းကို ပုံမှန် ပြန်လည်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



မြို့အင်္ဂါရပ်နှင့်အညီ ပြန်လည်စည်ကားခဲ့ပြီဖြစ်သော လပွတ္တာမြို့အား ရွှေမြစ်အတွင်းမှ လှမ်းမြင်ရစဉ်။


* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့ အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

# ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများသို့

**သိန်းသန်းဝင်း(မလှိုင်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဗဟိုအဆင့်ပြိုင်ပွဲကြီးကို နေပြည်တော်၌ ကျင်းပလျက်ရှိပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဦးတည်ချက်များကို စိစစ်လေ့လာလျှင် ယနေ့နိုင်ငံတော်က ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်ဟူသော ဦးတည်ချက် (၁၂) ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် အကျုံးဝင်နေကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်က ကျင်းပပေးနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အရေးပါသော အခန်းကဏ္ဍကိုလည်း မြင်တွေ့နားလည်နိုင်ကြမည်ဖြစ်ပါသည်။

ယနေ့ပြောင်းလဲတိုးတက်လာသော အိုင်တီ(IT)နည်းပညာ ပစ္စည်းကိရိယာများဖြစ်သည့် အင်တာနက်၊ ဂြိုဟ်တုစလောင်း၊ ဒီဗွီဒီ၊ ဗွီစီဒီ၊ စီဒီ၊တီဗွီတို့မှတစ်ဆင့် တိုင်းတစ်ပါးယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်သို့ အတားအဆီးမဲ့ စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လျက်ရှိပါသည်။ အိုင်တီနည်းပညာပိုင်းတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးစ၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် ယဉ်ကျေးမှုမျက်နှာစာမှ လွှမ်းမိုးအနိုင်ယူရန် ကြိုးပမ်းလျက်ရှိကြပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည်လည်း တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးဝါးမျိုမှု မခံရလေအောင် ကြိုးပမ်းကာကွယ်နေကြရမည် ဖြစ်ပါသည်။

**မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်အမြဲ မြင့်မားစေရန်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မြန်မာနိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ကြီး ဖြစ်ပါသည်။ ယင်းသို့ အမျိုးသားရေးစရိုက်လက္ခဏာဖြစ်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးလေးစားစွာတန်ဖိုးထား ထိန်းသိမ်းနေကြမှလည်း အမျိုးသားရေး ကိုယ်ခံစွမ်းအား မြင့်မားနေပြီး တိုင်းတစ်ပါး ယဉ်ကျေးမှု၏ လွှမ်းမိုးမှုကို ပယ်ရှားနိုင်မည်ဖြစ်ပါသည်။**

ဤတွင်ရိုးရာယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်းသည် အချို့က ခေတ်နှင့်ရင်ပေါင်တန်းရန်၊ ကမ္ဘာ့နိုင်ငံအသီးသီး နေရာအနှံ့ ဆန်းသစ်တိုးတက်မှုများကို လေ့လာသတိပြု၍ ပြုပြင်သင့်သည်ကို ပြုပြင်ပြောင်းလဲရန် မျက်ကွယ်ပြုသည်အထိ တရားသေအစွန်းရောက် မှတ်ယူမိတတ်ကြပါသည်။ အမှန်မှာ ရိုးရာကို ထိန်းသိမ်းခြင်းသည် တစ်ကဏ္ဍ၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းတီထွင်ဆန်းသစ်ခြင်းသည် တစ်ကဏ္ဍဟု ဆိုချင်ပါသည်။ ထို့ကြောင့် တီထွင်ဆန်းသစ်ခြင်းကြောင့် ရိုးရာယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေခြင်း၊ မူလသဏ္ဌေ ပျက်ပြားစေခြင်းမျိုး မဖြစ်စေသင့်ပါ။ ထို့အတူ ရိုးရာအမွေကိုသာ ဂရုပြုဖက်တွယ်လျက် ပြောင်းလဲလာသော ခေတ်ရေစီးကို လုံးဝမျက်ကွယ်ပြုထားခြင်းမျိုးလည်း မဖြစ်စေသင့်ပါ။

မြန်မာ့မဟာဂီတသီချင်းကြီးများကို နည်းစနစ်တကျ သီဆိုတီးမှုတ်ထိန်းသိမ်းသည်က တစ်ကဏ္ဍ၊ ရော့(ခ်)၊ ပေါ့(ပ်)၊ ဟစ်ဟော့(ပ်)၊ ရက်(ပ်)တို့ကို လေ့လာသီဆိုတီးမှုတ်ရသည်က တစ်ကဏ္ဍဖြစ်ပါသည်။ မြန်မာ့မဟာဂီတသီချင်းကြီးများကို ရော့(ခ်)၊ ရက်(ပ်)ပုံစံဖြင့် သီဆိုတီးမှုတ်ကြမည်ဆိုပါက ထိုအရာကို တီထွင်ဆန်းသစ်သည်ဟုခေါ်နိုင်မည် မဟုတ်ပါ။ ရိုးရာမပျက်၊ မူလသဏ္ဌေမပျက် တီထွင်ဆန်းသစ်ခြင်းကိုသာ ကြိုဆိုရမည်ဖြစ်ပါသည်။ ယခု မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်း ဖြန့်ဝေပေးနေခြင်းဖြစ်ပါသည်။

**ယခုနှစ်ဆိုလျှင် (၁၆)ကြိမ်တိုင်ခဲ့ပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နိုင်ငံတစ်ဝန်းတွင် အမျိုးသားရေးကိုယ်ခံစွမ်းအားမြင့်မားသော၊ မျိုးချစ်စိတ်ဓာတ် အင်အားကောင်းသော ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများ ပေါ်ထွန်းတိုးပွားနေစေရန် လေ့ကျင့်သင်တန်းပေးနေသည့် ပွဲကြီးဖြစ်ပါသည်။ လွန်စွာအရေးကြီးသော၊ နိုင်ငံနှင့် လူမျိုးအတွက် အရေးပါသော ရည်မှန်းချက်ဖြင့် ကျင်းပပေးနေခြင်းဖြစ်ပါသည်။**

ထို့ကြောင့် နိုင်ငံတော်က ရည်မှန်းအကောင်အထည်ဖော်နေသည့် ဦးတည်ချက်ကို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၊ ပြိုင်ပွဲဝင်များအား လေ့ကျင့်သင်ကြားပေးကြသော အနုပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက အလေးအနက် ရင်ဝယ်ပွေ့ပိုက် နှလုံးသွင်းကာ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် ပြိုင်ပွဲဝင်များ၊ ပညာရှင်ကြီးများသည် ယဉ်ကျေးမှုမျက်နှာစာတွင် တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးထိုးဖောက်လာမှုကို မားမားမတ်မတ် ကြံ့ကြံ့ခံလျက် ဖယ်ရှားပေးနေသည့် ယဉ်ကျေးမှုစစ်သည်တော်ကြီးများ ဖြစ်ပါသည်။ ဤအချက်ကို ခံယူနှလုံးသွင်း၍ ဂုဏ်ယူကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၊ ပညာအမွေဖြန့်ဝေ လေ့ကျင့် သင်ကြားပေးသော ပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်ကြီးများသည် မိမိတို့၏တာဝန်၊ မိမိတို့ တာဝန်ယူနေရသောကဏ္ဍအဆင့်၊ အရေးပါမှု၊ ကြိုးပမ်းဖော်ဆောင်ရမည့် ဦးတည်ရည်မှန်းချက်တို့ကို သတိပြုမိကြမည်ဟု ယူဆပါသည်။

သို့ဖြစ်၍ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခြင်း၏ ရည်ရွယ်ချက်မှာ ပထမ၊ ဒုတိယ၊ တတိယဟူသော ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်စသည်တို့ ရရန်ဖြစ်သည်ဟုသာ သာမန်မျှ သဘောပိုက်မှတ်ယူခြင်း မပြုသင့်ပါ။

ဆုရ၍ ဝမ်းမြောက်ကြည်နူးရခြင်း၊ ဆုမရ၍ ဝမ်းနည်းသိမ်ငယ်သလိုခံစားရခြင်း စသည့်စိတ်ပိုင်းဆိုင်ရာခံစားချက်များသည် အချိန်အတိုင်းအတာတစ်ခုအတွင်း တဒင်္ဂခံစားချက်များသာ ဖြစ်ပါသည်။

စာရေးသူဖတ်ဖူးသော ကမ္ဘာကျော်စာရေးဆရာကြီး ရှိတ်စပီးယား၏ အဆိုအမိန့်တစ်ခုကို တင်ပြလိုပါသည်။

"Things won are done; joy's soul lies in the making"

ယင်းအဆိုအမိန့်၏ ဆိုလိုချက်အဓိပ္ပာယ်မှာ လုပ်ပြီးသောအခါတွင် ရရှိလာသည့် အကျိုးရလဒ်သည် ရပြီးသောအခါတွင် ပြီးစီးသွားကြသည်သာဖြစ်ပြီး ပျော်ရွှင်ခြင်း၏အရသာကိုတော့ လုပ်စရာရှိသည်များ လုပ်ဆောင်နေသည့် အချိန်ကာလထဲတွင် တွေ့ရမည်ဟုဖြစ်ပါသည်။

ထို့ကြောင့်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆုရခြင်း၊ ဆုရ၍ ဝမ်းမြောက်ကြည်နူးခြင်း၊ ဆုမရခြင်း၊ ဆုမရ၍ ဝမ်းနည်းသိမ်ငယ်သလို ခံစားရခြင်းဟူသော အကျိုးရလဒ်များသည် ယင်းခံစားချက်များကို ခံစားရပြီးနောက် အနှေးနှင့်အမြန် ပြီးဆုံးသွားကြမည်သာ ဖြစ်ပါသည်။ အမှန်တကယ် ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ ခံစားနေရသည့် အရသာကိုမူ ပြိုင်ပွဲဝင်ရန်ဖြစ်စေ၊ ဝါသနာအရဖြစ်စေ၊ အဆို၊ အက၊ အရေး၊ အတီးကို သင်ယူလေ့ကျင့်နေစဉ်၊ ပြိုင်ပွဲဝင်နေစဉ်တွင် ခံစားနေရမည် ဖြစ်ပါသည်။

စာရေးသူတင်ပြဆွေးနွေးလိုသော အဓိပ္ပာယ်ကို ပိုမိုရှင်းလင်းစေရန်အတွက် တောင်တက်သမားတို့၏ လက်သုံးစကားတစ်ခုနှင့် နှိုင်းယှဉ်ပြောပြချင်ပါသည်။

**" တောင်တက်တယ်ဆိုတာ တောင်ထိပ်ရောက်ခြင်း၊ မရောက်ခြင်းက အဓိကမဟုတ်ပါ၊ တောင်တက်နေရတာကိုက အရသာပါ"**

အဆိုပါ တောင်တက်သမားတို့၏ လက်သုံးစကား ခံယူချက်ဝါဒကဲ့သို့ပင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် ဝါသနာရှင်တို့အနေဖြင့်လည်း ဆုရခြင်း၊ ဆုမရခြင်းသည် အဓိကမဟုတ် ဆို၊ က၊ ရေး၊ တီး နေရသည်ကပင် အရသာဟု ခံစားနိုင်ကြလိမ့်မည် ထင်ပါသည်။

အဆို၊ အက၊ အရေး၊ အတီး ဟူသော အနုပညာရပ်များသည် ဝါသနာကို အရင်းခံရပါသည်။ ဝါသနာမပါဘဲ ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြသူဟူ၍ မရှိနိုင်ဟုဆိုချင်ပါသည်။ ဝါသနာပါသည်ကို လုပ်နေရလျှင် ကျေနပ်နေကြ၊ ပီတိဖြစ်နေကြသည်မှာလည်း ဓမ္မတာပင်ဖြစ်ပါသည်။

ယနေ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် မောင်မယ်များသည် ဝါသနာအရင်းခံဖြင့် ဆို၊ က၊ ရေး၊ တီး နေကြသူများ ဖြစ်ပါသည်။ ထို့ထက်တစ်ဆင့်တက်ရလျှင် ဆို၊ က၊ ရေး၊ တီး ဟူသော အနုပညာရပ်သည် သင်တိုင်းမတတ်သော ပညာရပ်များ ဖြစ်ပါသည်။ ဂီတလုလင်ဆရာ ဦးကိုကို၏ ဂီတအခြေခံသီချင်းထဲက **"သင်တိုင်းမတတ်တဲ့ ဒီပညာ ပါရမီရှိမှသာ"** ဟူသော စာသားလေးသည် အတွေ့အကြုံရင့်ကျက်သော အနုပညာရှင်ကြီးက လက်တွေ့ကျကျ ကောက်ချက်ဆွဲပြထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ အဆင့်ဆင့်ကဏ္ဍအလိုက် ပြိုင်ပွဲဝင်ကြသူများသည် ဝါသနာ ပါရမီရှိကြသူများသာဖြစ်ကြောင်း အငြင်းပွားရန်မရှိပါ။

ဝါသနာပါရမီနှင့်ပြည့်စုံကြသောကြောင့် စင်ပေါ်တက်၍ စည်းဝါး၊ သံကျ၊ ဟန်ထား၊ လက်ကျ၊ လက်န ကောင်းကောင်း ဆိုနိုင်၊ တီးနိုင်ကြခြင်း၊ သံစဉ်စာသားပြေပြစ်ဆန်းသစ်လှပစွာ ရေးသားစပ်ဆိုနိုင်ကြခြင်း ကကြိုးကကွက် ဝေဝေဆာဆာဖြင့် နည်းစနစ်ကျနစွာ ကပြနိုင်ကြခြင်းဖြစ်ပါသည်။ ယင်းသို့ ဝါသနာပါရမီအရ ဆို၊ က၊ ရေး၊ တီး နေကြရသည်ကိုပင် ပီတိဖြစ်ကြ၊ ကျေနပ်အားရ ပျော်ရွှင်နေကြရသည်ဆိုခြင်းကိုလည်း ပြိုင်ပွဲဝင်များကိုယ်တိုင် ခံစားနားလည်နိုင်သကဲ့သို့ အကဲဖြတ်ဒိုင်၊ ပရိသတ် စသည်တို့ကလည်း နားလည်ခံစား သိရှိကြပါသည်။

ယင်းသို့ဆိုလျှင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအဆင့်တွင်သာ ကျေနပ်လိုက်ရ၍လည်းကောင်း၊ ဗဟိုအဆင့်တွင်လည်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များနှင့် လွဲရ၍လည်းကောင်း ဝမ်းနည်းသိမ်ငယ်စိတ်ကလေးတွေ ဘာကြောင့်ဝင်ရသလဲဟု မေးချင်ပြောချင်ပါလိမ့်မည်။

ယင်းမေးခွန်းကိုဖြေရလျှင် ပြိုင်ပွဲဝင်သူတိုင်းက အနိုင်ရလို၊ ဆုတံဆိပ်ရလိုကြသောကြောင့် ဖြစ်ပါသည်ဟု ဖြေရပါမည်။ အနိုင်မရချင်ပါနှင့်၊ ဆုတံဆိပ်မလိုချင်ပါနှင့်ဟု တားရမည့်ကိစ္စမျိုး မဟုတ်ပါ။ ပြိုင်ပွဲအဆင့်တိုင်းတွင်လည်း ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု စသည်ဖြင့် သတ်မှတ်ပေးထားပါသည်။ ထို့ကြောင့် ဆုတံဆိပ်ရလိုသည်ကို ဝေဖန်ပြစ်တင်ရန်လည်း အကြောင်းမရှိပါ။

သို့သော် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်၊ တိုင်း အဆင့်တွင်သာ ကျေနပ်နေရ၍ ဗဟိုအဆင့်တွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်နှင့် လွဲရ၍ ဝမ်းနည်းအားငယ်ရန် မဟုတ်ပါဟုသာ တင်ပြချင်ပါသည်။

ဆုရခြင်း၊ ဆုမရခြင်းမှာ ပြိုင်ပွဲဝင်နေစဉ် အချိန်အတိုင်းအတာအတွင်း သီဆို၊ တီးမှုတ်၊ ကပြမှုကိုသာ အကဲဖြတ်ရခြင်း ဖြစ်ပါသည်။ ပြိုင်ပွဲဝင်နေစဉ်အတွင်း၌ သက်ဆိုင်ရာ အမှတ်ပေးစည်းမျဉ်းစည်းကမ်းနှင့် အံဝင်ခွင်ကျဖြစ်သွားလျှင် ဖြစ်သွားသလောက် အမှတ်ရသွားမည်ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ပြိုင်ပွဲဝင်ရာတွင် အစမ်းလေ့ကျင့်စဉ်ကလောက် ကောင်းမွန်အောင် ဆို၊ က၊ ရေး၊ တီးပြခြင်း မပြုနိုင်သည်များ ရှိနိုင်ကြောင်း ပြိုင်ပွဲဝင်ဖူးသူတိုင်း သဘောပေါက်ကြပါလိမ့်မည်။

စာရေးသူအနေဖြင့် ဤအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြပွဲကြီးဟု ခေါ်ဝေါ်ချင်ပါသည်။ ပြပွဲကြီးဟုလည်း ထင်မြင်မိပါသည်။ ပြိုင်ပွဲဝင်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များကို မည်ရွေ့မည်မျှ ကြိုးပမ်းလေ့လာ ဆည်းပူး ထိန်းသိမ်းထားနိုင်ကြသည်ကို ပြသစေသည့်ပြပွဲကြီးဟု မြင်ပါသည်။ တစ်နည်းဆိုရလျှင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် အမျိုးသားရေး ကိုယ်ခံစွမ်းအား၏ အရည်အသွေး အဆင့်အတန်းကို ထုတ်ဖော်ပြသသည့်ပွဲကြီးဟု ဆိုချင်ပါသည်။ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများ စွမ်းရည်ပြသည့်ပွဲဟု တင်စားချင်ပါသည်။ ထို့အတူ အဆိုပါ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သူများသည် ပြိုင်ပွဲဝင်များကို လေ့ကျင့်သင်ကြားပညာပေးဝေကြသော ပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်များ၏ အဆင့်နေရာကို အကဲဖြတ် သတ်မှတ်ပေးကြသည့် အကဲဖြတ်ဒိုင်လူကြီးများ၏ ယဉ်ကျေးမှု ကိုယ်ခံစွမ်းရည် ပညာအရည်အသွေးတို့ကိုပါ မြင်တွေ့နိုင်သည့် ပွဲကြီးဟုလည်းဆိုချင်ပါသည်။

သို့ဖြစ်၍ စာရေးသူအနေဖြင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သူများဟု ဂုဏ်ပြုတင်စားလိုသည့် မြို့နယ်အဆင့်မှ ဗဟိုအဆင့်ထိ ပြိုင်ပွဲဝင်ရောက်ကြသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်အားလုံးသို့ လေးစားစွာပန်ကြားလိုပါသည်။

- **ပြိုင်ပွဲမဝင်မီတွင်လည်း အစွမ်းကုန် ကြိုးပမ်းလျက် ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ။**
- **ပြိုင်ပွဲဝင်နေစဉ်တွင်လည်း အစွမ်းကုန် ကြိုးပမ်းလျက် ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ။**
- **ပြိုင်ပွဲပြီးသွားလျှင်လည်း အစွမ်းကုန် ကြိုးပမ်းလျက် ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ။**
- **ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြရင်းဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အစဉ်အဆက် သယ်ပိုး ထိန်းသိမ်းစောင့်ရှောက် ဖြန့်ဝေအမွေပေးကြပါ။**
- **တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ဟန့်တားပယ်ရှားနိုင်ရန်အတွက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နိုးကြားနေစေရန် လေ့ကျင့်ပျိုးထောင်ရင်း ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ. . . ဟူ၍သာ။ ။**

**မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်အမြဲ မြင့်မားစေရန်နှင့် အမျိုးသားရေး စရိုက်လက္ခဏာများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မြန်မာနိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ကြီး ဖြစ်ပါသည်။ ယင်းသို့ အမျိုးသားရေး စရိုက်လက္ခဏာဖြစ်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးလေးစားစွာ တန်ဖိုးထား ထိန်းသိမ်းနေကြမှလည်း အမျိုးသားရေး ကိုယ်ခံစွမ်းအား မြင့်မားနေပြီး တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးမှုကို ပယ်ရှားနိုင်မည်ဖြစ်ပါသည်။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် စစ်တွေမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် သင်ပုန်းတန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးလုံးမောင်၏ လယ်မြေ ၁၉ ဧကအတွင်း စိုက်ပျိုးထားသော သီးထပ်ရင်စပါးခင်းများနှင့် စံပြကွက်၌ စပါးရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ အသိပညာဗဟုသုတတိုးပွားနိုင်စေရန် တောင်သူလယ်သမားများအတွက် အဓိကထုတ်ဝေသော ဒို့ကျေးရွာဂျာနယ်နှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ ဂျာနယ်စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် စစ်တွေမြို့တွင်းရှိ လမ်းများနှင့် လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေး စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြို့တော်ခန်းမနှင့် ရုံးအဆောက်အအုံများ၊ မြို့မဈေးနှင့် ဈေးဆိုင်ခန်းများနှင့် မြို့နေပြည်သူများ အေးချမ်းစွာ သွားလာလုပ်ကိုင် ဆောင်ရွက်နေမှုအခြေအနေနှင့် စစ်တွေမီးပြတိုက်အနီး ပွိုင့်ကမ်းခြေအပန်းဖြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့သည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ မင်းဇာနည်ကုမ္ပဏီလီမိတက်၏ တန် ၃၀၀ဆံ့ အအေးခန်းနှင့် တန် ၅၀ ကျရေခဲစက်ရုံ၌ လျှပ်စစ်ဓာတ်အားရရှိစေရန်အတွက် စပါးခွံနှင့် ဒီဇယ်ရောနှောသုံးအင်ဂျင်ဖြင့် စက်များမောင်းနှင်လည်ပတ်နေမှု၊ ရေခဲစက်ရုံမှ ရေခဲများ ထုတ်ယူနေမှု၊ ငါး၊ ပုစွန်များကို သန့်စင်ထုပ်ပိုးနေမှု၊ အအေးပေးစက်ခန်း၊ အခဲခံခန်း၊ ငါး၊ ပုစွန်ကုန်ချောသိုလှောင်ခန်းတို့နှင့် ရရှိပြီးကုန်ချောများကို အခဲခံထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။





ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် စစ်တွေတက္ကသိုလ်တည်ဆောက်ရေး စီမံကိန်းကိုလည်းကောင်း၊ မင်းဂံရပ်ကွက်ရှိ အာကျိတ်တော်ကုန်း၌ သဘာဝဘေးဒဏ်ကြုံတွေ့ရသည့်အခါ ကာကွယ်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း၊ စစ်တွေမြို့တွင်း ရေပေးဝေလျက်ရှိသည့် ကန်တော်ကြီးရေလှောင်ကန်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် စစ်တွေမြို့အထွက်ရှိ ကန်တော်ကြီးစံပြလယ်စိုက်ကွက်၌ ဆင်းနွှယ်ရင်စပါးတစ်ဧက စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

**စပါးရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် စစ်တွေမြို့နယ် သင်ပုန်းတန်း ကျေးရွာအုပ်စုရှိ တောင်သူ ဦးလုံးမောင်၏ လယ်မြေ ၁၉ ဧကအတွင်း စိုက်ပျိုးထားသော သီးထပ်ရင် စပါးခင်းများနှင့် စံပြကွက်၌ စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် အိမ်မဲမြို့အဝင် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(နယ်စပ်/စည်ပင်)

**ကျန်းမာရေး သိပ္ပံသတင်း**

# လင်းပိုင်ငါးစားသုံးမှု ပြဒါးဆိပ်သင့်နိုင် ဂျပန်သုတေသီများ၏ စစ်တမ်း၌ သတိပေး

**တိုကျို အောက်တိုဘာ ၂၂**

လင်းပိုင်ငါး၏အသားကို စားသုံးခြင်းဖြင့် ပြဒါးဆိပ်သင့်နိုင်ပြီး ကျန်းမာရေးဘေးအန္တရာယ်ရှိကြောင်း ဂျပန်သုတေသီများ၏ လေ့လာချက်စစ်တမ်းတစ်ရပ်တွင် သတိပေးဖော်ပြထားသည်။

ဂျပန်နိုင်ငံ တေဂျီမြို့၌ နေထိုင်သူများအား တက္ကသိုလ်နှစ်ခုမှ သုတေသီများကလေ့လာချက်တစ်ရပ်ပြုလုပ်ခဲ့ရာတွင် လင်းပိုင်ငါး စားသုံးမှုနှင့် ပြဒါးဆိပ်သင့်မှု ဆက်နွှယ်နေပုံကို လေ့လာတွေ့ရှိရသည်။ ပစိဖိတ်ကမ်းရိုးတန်းရှိ တေဂျီမြို့သည် ရေလုပ်ငန်းဖွံ့ဖြိုးသည့် မြို့တစ်မြို့ဖြစ်ပြီး မြို့သူ၊ မြို့သားများမှာ လင်းပိုင်နှင့် ဝေလငါးတို့၏အသားကို ဟင်းလျာအဖြစ် စားသုံးလေ့ရှိကြသည်။

ဟော့ကိုင်းဒိုး ကျန်းမာရေးသိပ္ပံတက္ကသိုလ်နှင့် ဒိုင်အိချိဆေးဝါးလေ့လာရေးတက္ကသိုလ်တို့မှ သုတေသီများသည် တေဂျီမြို့သူ၊ မြို့သားများထံမှ ဆံပင်နမူနာများ ရယူကာ လေ့လာသည့်လုပ်ငန်းကို လွန်ခဲ့သည့် ဒီဇင်ဘာလမှ ယခုနှစ် ဇူလိုင်လအထိ ပြုလုပ်ခဲ့ကြသည်။

ဆံပင်နမူနာရယူကာ လေ့လာရာတွင် ဒေသခံအချို့၌ ပြဒါးဓာတ်ပါဝင်မှု ၅၀ ပီပီအမ် (parts per million)ထက် ပိုမိုနေကြောင်းတွေ့ရှိရသည်။

ပြဒါးဓာတ် ပါဝင်မှုနှုန်း မြင့်မားခြင်းဖြင့် အာရုံကြောဆိုင်ရာ ဝေဒနာများ ခံစားလာရနိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ စံနှုန်းသတ်မှတ်ချက်အရ ပြဒါးဓာတ်ပါဝင်မှုနှုန်း သုည ဒသမလေးပီပီအမ်ထက်ကျော်လွန်ပါက ကျန်းမာရေးဘေးဥပဒ် ကျရောက်နိုင်ကြောင်း၊ လင်းပိုင်ငါး စားသုံးမှုမပြုကြရန် မိမိတို့ သတိပေးထားကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် တပ်ဆုယ အိဒိုက ပြောကြားသည်။

တိုကျိုမြို့အနောက်ဘက် မိုင် ၂၈၀ အကွာ တေဂျီမြို့မှ ဒေသခံရေလုပ်သားများသည် လင်းပိုင်ငါးဖမ်းဆီးသည့် ရာသီစတင်သည့် ယခုချိန်မှ ဧပြီလအထိ လင်းပိုင်ငါးကောင်ရေ ၂၀၀၀ခန့်အထိ ဖမ်းဆီးနိုင်မည်ဟု မျှော်လင့်ရသည်။ ဂျပန်နိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာအရမူ ဖော်ပြပါကာလအတွင်း လင်းပိုင်ငါးကောင်ရေ၂၀၀၀၀အထိ ဖမ်းဆီးဖွယ်ရှိသည်။ ***အင်တာနက်။***



**ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းရိုးတန်း ကမ်းလွန်တွင် တွေ့ရသော လင်းပိုင်ငါးများ။** *(ဓာတ်ပုံ-အင်တာနက်)*

# လပွတ္တာမြို့ သောက်သုံးရေကန်များမှ ရေပေးဝေခြင်းလုပ်ငန်း ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် လပွတ္တာမြို့ ရေပေးဝေရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောက်ရွက်ပေးလျက်ရှိသော သောက်သုံးရေကန် ၁၇ ကန်မှ ရေပေးဝေခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကန်ပေါင်အမြင့်များ ထပ်မံမြှင့်တင်ရေး၊ ရေကန်ခြံစည်းရိုးများ ကာရံရေးနှင့် မြေအောက်ရေ တိုင်းတာရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် အိမ်မဲမြို့အဝင် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းအရည်အသွေးကောင်းမွန်ရေး၊ လမ်းရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ မြို့တွင်း၊ မြို့ဝင်ကတ္တရာလမ်းများ၊ ကတ္တရာလမ်းပေါက်များမရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ အိမ်မဲမြို့အဝင် ချောင်းဝတံတားပြုပြင်ရမည့်အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၃-၁၀-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၄၁)**
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၁၅)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း-၄၀)(ဇာတ်သိမ်း)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သတ္တမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။**



**အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မချိုဇင်သန့် ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

အဆိုပါပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အဖွဲ့ကြီးကြပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာအနုသုခုမပညာကို ချစ်မြတ်နိုးကြသော ပြည်သူများပျော်ရွှင် ကြည်နူးစွာ ကြည့်ရှုအားပေးကြသည်။



**ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား၊ အမျိုးသမီး သီချင်းအရေးပြိုင်ပွဲ၌ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော် ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

အဆင့်မြင့် ပညာအဆင့် အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ ရခိုင်ပြည်နယ်မှ ဦးတင်စိုးလှိုင်၊ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် မောင်အောင်ကျော်မျိုး၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းဌေးနှင့် မောင်ရဲရန်အောင်၊ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း၊ ဧရာဝတီတိုင်းမှ မောင်ချမ်းမြေ့သူ၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်းနှင့် စစ်ကိုင်းတိုင်းမှ မောင်ထျန်လျန်ကပ်တို့က “ကောင်းကြီးသဉ်ါ” (မွန်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ ပဲခူးတိုင်းမှမခင်ရတနာစိုး၊တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ချင်းပြည်နယ်မှမအက်စတာ ဒေါ့သ်ချင်းဆုန်၊ ရန်ကုန်တိုင်းမှမခင်ဘုန်းပွင့်စံ၊ ရခိုင်ပြည်နယ်မှ မမေသူလွင်၊ မွန်ပြည်နယ်မှ မမေသဇင်၊ ရှမ်းပြည်နယ်မှ မဖြိုးပြည့်စုံကျော်၊ ကချင်ပြည်နယ်မှ မနန်းသဇင်ထွန်း၊ မန္တလေးတိုင်းမှ မဒေဝီမြင့်နှင့်မလမင်းဘိုဘို၊ရန်ကုန်တိုင်းမှမနှင်းဝတ်ရည်ထူး(ခ)စနေမ၊ ဧရာဝတီတိုင်းမှမချိုဇင်သန့်၊ ကချင်ပြည်နယ်မှ မနန်းခင်သူရိန်နွယ်နှင့် စစ်ကိုင်းတိုင်းမှ မဝင့်ဝါဖူးတို့က “မြမန်းဂီရီ”(ယိုးဒယား) သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်မှ မမွန်မွန်သူ၊ မန္တလေးတိုင်းမှ မဝေနှင်းဖွေး၊ ချင်းပြည်နယ်မှ အဘီဘေးလ်ဇီန်ထပါလ်၊ ကချင်ပြည်နယ်မှ မသန္တာဌေး၊ စစ်ကိုင်းတိုင်းမှ မအေးခင်မွှေး၊ ရခိုင်ပြည်နယ်မှ မခင်စန္ဒာသူရိန်ဝင်းကြည်၊ ရှမ်းပြည်နယ်မှ မဆွေဆွေဝင်း၊ မန္တလေးတိုင်းမှမမြင့်မြင့်အေးသိန်း၊ ရန်ကုန်တိုင်းမှ မရီရီစန်း၊ မကွေးတိုင်းမှ မအိယမုံဖူးနှင့် ရန်ကုန်တိုင်းမှ မကြူကြူစိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားအက ပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သန်းတိုးအောင်၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းစိုးအောင်(ခ)စုပုံချစ်၊ ကရင်ပြည်နယ်မှ စောအိန်ဖိုးကျော်၊ ဧရာဝတီတိုင်းမှ မောင်ထိုက်သူအောင်၊ ကရင်ပြည်နယ်မှ မောင်အေးချမ်းမင်း၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်စိုးလင်း၊ ကချင်ပြည်နယ်မှ မောင်မင်းလွင်ဦး၊ ပဲခူးတိုင်းမှ မောင်နိုင်နိုင်ထွန်း၊ ကချင်ပြည်နယ်မှ မောင်ထက်ဗိုလ်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းဇော်ဦး၊ ပဲခူးတိုင်းမှ မောင်ရီဝေအောင်၊ တနင်္သာရီတိုင်းမှ မောင်ဟိန်းမင်းလတ်၊ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်၊ ရှမ်းပြည်နယ်မှ မောင်ထက်အောင်ရှိုင်း၊ ရခိုင်ပြည်နယ်မှမောင်ပိုင်ပိုင်ဇော်သက်နှင့် ရန်ကုန်တိုင်းမှ မောင်သွင်ဖုန်းခန့်ဇော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။



**အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား နှဲပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံ ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရွာတော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား/အမျိုးသမီး သီချင်းအရေးပြိုင်ပွဲ၌ “အေးချမ်းသာယာသည့် ပန်းတိုင်သို့” ခေါင်းစဉ်ဖြင့် ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း(ခ)ဦးသော၊ ရန်ကုန်တိုင်းမှ တက္ကသိုလ်ဆန်နီ၊ မန္တလေးတိုင်းမှ ဦးမျိုးသူ၊ မွန်ပြည်နယ်မှ ဦးထွန်းအုပ်ကျော်၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်၊ မန္တလေးတိုင်းမှ ဦးဖုန်းမြင့်၊ ရန်ကုန်တိုင်းမှ ဦးအုန်းသန်းထွန်း(ခ)မိုးခင်ကျော်၊ ကယားပြည်နယ်မှ ဦးခင်မောင်လှ၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ မကွေးတိုင်းမှ ဦးတင်ထွေးနှင့် ကချင်ပြည်နယ်မှ စောကျော်မင်းမူတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ ဦးမင်းဇော်၊ ရခိုင်ပြည်နယ်မှ ဦးစန်းထွေး၊ ဧရာဝတီတိုင်းမှ ဦးစိုးမောင်၊ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ မကွေးတိုင်းမှ ဦးတင်မောင်ဌေး၊ မန္တလေးတိုင်းမှ ဦးအေးနှင့် ဦးကျော်မြင့်၊ ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင်(ခ)ပေါက်ခေါင်းမောင်မောင်လေးနှင့် စစ်ကိုင်းတိုင်းမှ ဦးကျော်တို့က “နှင်းယွန်းခါဟေမန်” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ မန္တလေးတိုင်းမှ မဥမ္မာကျော်၊ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာနှင့် ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်တို့က “စိန်ခြည်ဖြာရောင်လင်း” (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲ၌ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ မန္တလေးတိုင်းမှ မောင်ကျော်ထွန်းဝင်း၊ ရန်ကုန်တိုင်းမှ မောင်အောင်အောင်၊ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်နှင့်ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့က “အောင်မင်္ဂလာ” (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းနှင့် မလဲ့လဲ့ဝင်း၊ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးတို့က“ရောင်တော်ဖွင့်” (ကာလပေါ်တေး)သီချင်းဖြင့် လည်းကောင်း အသီးသီးတီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားဂီတာတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးရဲတင့်၊ ကချင်ပြည်နယ်မှ ဦးကျော်စွာလင်း၊ တနင်္သာရီတိုင်းမှ ဦးတင်ထွန်း၊ ပဲခူးတိုင်းမှ ဦးရန်းကျော်(ခ)ဦးသိန်းဟန်၊ ရန်ကုန်တိုင်းမှ ဦးစိုးတင့်၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ မန္တလေးတိုင်းမှ ဦးတာနေ၊ ရန်ကုန်တိုင်းမှ ဦးမင်းမြင့်နှင့် မွန်ပြည်နယ်မှ ဦးတင်ရွှေတို့က “ဟေဝန်မြိုင်လမ်း”(ယိုးဒယား)သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



**အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမွန်မွန်သူ ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

အလားတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးဂီတာတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဒေါ်နန်းရွက်နု၊ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ ပဲခူးတိုင်းမှ မချောယုလင်းနှင့် ရန်ကုန်တိုင်းမှ မရူပါအောင်လွင်တို့က “ဟေဝန်မြိုင်လမ်း”(ယိုးဒယား)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့် ပညာအဆင့် အမျိုးသား ဂီတာပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှ မောင်သန့်ဇင်၊ မန္တလေးတိုင်းမှ မောင်ဉာဏ်ဝင့်ထက်၊ ပဲခူးတိုင်းမှ မောင်သူရနှင့် မန္တလေးတိုင်းမှ မောင်မြင့်ဇော်တို့က “နန်းဘုံသီတာဝေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မဆုလဲ့ရည်အောင်၊ မန္တလေးတိုင်းမှ မဝင်းသင်္ဂီကျော်၊ ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်းနှင့် မန္တလေးတိုင်းမှ မလှလှဝင်းတို့က “စည်တော်ကြီး” (ကာလပေါ်) သီချင်းဖြင့်လည်း ကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားဂီတာပြိုင်ပွဲ၌ ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်း၊ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် မောင်စည်သူထွန်းတို့က “သိလ္လာမြေယံ(ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီးဂီတာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်းနှင့် မခင်မြင့်မြတ်အောင်၊ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်နှင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်တို့က “သိလ္လာမြေယံ” (ကြိုး)သီချင်းဖြင့် လည်းကောင်း အသီးသီးပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းမှ ဦးဆန်းအောင်(ခ)ရွှေကျည်ဆံအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးမောင်မောင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်အဖွဲ့၊ မကွေးတိုင်းမှ ဦးမြမင်းအောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်မင်း(ခ)ရန်ကုန်မူဝံအဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလား(ခ) ကျော်ကျော်လင်းအဖွဲ့၊ မန္တလေးတိုင်းမှ ဂန္ထဝင်စစ်သွေးအဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်အဖွဲ့နှင့် မွန်ပြည်နယ်မှ ချစ်မိုးလျှံအဖွဲ့တို့ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသားနှဲပြိုင်ပွဲကိုနံနက် ၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ “ညဉ့်သုံးယံခါ” (ပတ်ပျိုး)သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မောင်သိန်းဆွေမြင့်(ခေါ်)စိုးကိုကို၊ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံ၊ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်း၊ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေ၊ မန္တလေးတိုင်းမှ မောင်စည်သူဖြိုးနှင့် ရန်ကုန်တိုင်းမှ မောင်ထွန်းနန္ဒတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားနှဲပြိုင်ပွဲကို ကျင်းပရာ “မှန်ညောင်သဉ္ဇာ” (ဝတ်ရုံတော်ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ မန္တလေးတိုင်းမှ မောင်ရဲသူရအောင်၊ရန်ကုန်တိုင်းမှ မောင်ငြိမ်းဝင်းမိုး၊ မန္တလေးတိုင်းမှ မောင်နေဇော်ဦး၊ ပဲခူးတိုင်းမှ မောင်ကြည်လင်နှင့်ရန်ကုန်တိုင်းမှ မောင်စိုးသီဟတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားနှဲပြိုင်ပွဲကို ကျင်းပရာ “သာယာ”(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရာဇာဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ချမ်းလွင်မိုးနှင့် မောင်မင်းမော်ဟန်၊ မန္တလေးတိုင်းမှ မောင်ရန်ကျော်မျိုးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)

## ❁ ပန်းကန်ပြားပျံမှ

ယခု ထုတ်ပြန်ပေးလိုက်သော မှတ်တမ်းများအနက် ထူးခြားသည့် မှတ်တမ်းတစ်ရပ်မှာ ၁၉၉၁ခုနှစ်က ခရီးသည်တင်လေယာဉ်တစ်စင်းနှင့် ပန်းကန်ပြားပျံတစ်စင်းတို့ တိုက်မိလုနီးပါး အခြေအနေအထိ ရောက်ခဲ့ရပုံကို ဖော်ပြထားသည်။

အီတလီနိုင်ငံ အလီတယ်လီယာ(Alitalia)လေကြောင်းဌာနမှ ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းသည် ၁၉၉၁ခုနှစ်က လန်ဒန်ဟီးသရိုးလေဆိပ်သို့ ဦးတည်ပျံသန်းနေချိန်အတွင်း ပန်းကန်ပြားပျံတစ်စင်းနှင့် တိုက်မိလုနီးပါး ဖြစ်ခဲ့ရသည်။ ယင်းလေယာဉ်ပေါ်မှ လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့သည် ၎င်းတို့၏ လေယာဉ်အပေါ်ဘက်မှ အနီးကပ်ဖြတ်ကျော်ပျံသန်းသွားသော ပန်းကန်ပြားပျံတစ်စင်းကို အမှတ်မထင်တွေ့မြင်ခဲ့ကြရသည်။ ကင့်ပြည်နယ် လွိုက်မြို့အနီးတွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ခဲ့ရာတွင် အဆိုပါခရီးသည်တင်လေယာဉ်တွင် လေယာဉ်အနီးအပါးမှ ဖြတ်သန်းသွားသော အရာဝတ္ထုမှာ ဒုံးပျံတစ်စင်းမဟုတ်သလို ရာသီဥတုစူးစမ်းလေ့လာရေး မိုးပျံဘောလုံးတစ်လုံးလည်း မဟုတ်ကြောင်း၊ ပန်းကန်ပြားပျံ ဖြစ်နိုင်သည်ဟု ယူဆရကြောင်း မှတ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

၁၉၈၆ခုနှစ်မှ ၁၉၉၂ခုနှစ်အတွင်း ပန်းကန်ပြားပျံတွေ့ရှိရမှု ဖြစ်ရပ်ပေါင်း ၁၉ကြိမ်နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သော မှတ်တမ်းများကို အမျိုးသားမော်ကွန်းတိုက်တွင် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ အင်တာနက်။

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် မျိုးဆက်သစ်တို့၏ ရင်တွင်းစကား

ဆန်းသစ်တီထွင်လျက်ရှိသော အနုပညာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်မှုမရှိဘဲ ဆန်းသစ်သည့် ခေတ်အကြိုက်တေးသီချင်းများကို ထည့်သွင်းယှဉ်ပြိုင်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအနုပညာကို အရိုးပေါ် အရွက်မဖုံးအောင် ချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းခြင်းဖြစ်သည်။

အကပြိုင်ပွဲကျင်းပသည့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ရောက်ရှိချိန် အခြေခံပညာအသက်(၁၅-၂၀)နှစ် အမျိုးသမီး အက ယှဉ်ပြိုင်နေပြီဖြစ်သည်။ ပြိုင်ပွဲဝင်များ၏ အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်မှုများကြောင့် အားပေးသူပရိသတ်များမှာလည်း ဘဝင်နှလုံးရွှင်ပြုံးလျက်ရှိနေပေသည်။ စင်မြင့်ထက်တွင် ကကြိုးကကွက် အစုံအလင်ဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုကြောင့် နှစ်သက်မိစွာ ကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲဝင်ပြီး၍ စင်ပေါ်မှဆင်းလာချိန် ချွေးများစို့၍ ရင်အမောဖြင့် ကျေနပ်အားရစွာ ယှဉ်ပြိုင်ခဲ့ရသည့်အတွက် အပြုံးမပျက် သွက်လက်စွာ ရှိနေသူအား မေးမြန်းကြည့်ရာ"သမီးအမည် မမေသကြိန်ပါ။ စစ်ကိုင်းတိုင်းမှ ပြိုင်ပွဲဝင်ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တာ ငါးကြိမ်ရှိပါပြီ။ ယခင်နှစ်တွေကတော့ ဆုမရရှိခဲ့ပါဘူး။ ဒီနှစ်တော့ ပြိုင်ပွဲဝင်ရတာ အားအရဆုံးဖြစ်လို့ ဆုရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ သမီးဆရာကတော့ အနုပညာဦးစီးဌာန၊ အကဌာနခွဲ၊ မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာဦးမြတ်လင်း ဖြစ်ပါတယ်။ ငယ်ငယ်ကတည်းက အကဝါသနာပါလို့ ဆရာဦးအောင်မြင့်သန်းနဲ့ ဆရာဦးဇော်




ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ဒုံမင်း အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးမောင်ဟန် ပါဝင်ယှဉ်ပြိုင်စဉ်။

ဆန်းလွင်တို့ဆီမှာ သင်ယူခဲ့ပါတယ်။ သမီးအသက်(၁၇)နှစ်ရှိပါပြီ။ ဆယ်တန်းအောင်ပြီးလို့ အခု ယဉ်ကျေးမှုတက္ကသိုလ်တက်ဖို့ ပြင်ဆင်နေပါတယ်။ သမီးကြီးလာရင် အကနည်းပြဆရာမကြီးဖြစ်ဖို့ ရည်ရွယ်ချက်ထားပါတယ်"

စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)သို့အရောက် အဆိုပြိုင်ပွဲဝင်ရန် စောင့်ဆိုင်းနေသူတစ်ဦးအား မေးမြန်းကြည့်ရာ အဆင့်မြင့်ပညာ(အမျိုးသမီး)

"(၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တယောအတီးပြိုင်ပွဲမှာ ငွေတံဆိပ် ရရှိခဲ့ပါတယ်"

နော်စုသဲသဲအောင်

[အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး တယော အတီး ပြိုင်ပွဲဝင်။]



အဆိုပြိုင်ပွဲဝင် ဧရာဝတီတိုင်းမှ မသိမ်းသိမ်းငွေးဖြစ်နေသည်။"သမီး ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်တာပါ။ ခေတ်ဟောင်း၊ ကာလပေါ်တေးသီချင်းနဲ့ ပြိုင်ပွဲဝင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် ပြိုင်ပွဲဝင်ရမှာဖြစ်လို့ စင်ပေါ်တက်ရမှာ ရင်တုန်စိတ်လှုပ်ရှားနေတယ်။ ဒါပေမဲ့ မကြောက်ပါဘူး။ သမီး ဆရာ ကတော့ ဧရာဝတီတိုင်းမှ ပြိုင်ပွဲဝင် မချောစုစံဖြစ်ပါတယ်။ သမီးအသက် (၁၈)နှစ်



ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့် ပါဝင်ယှဉ်ပြိုင်စဉ်။

ရှိပါပြီ။မအူပင်တက္ကသိုလ်မှာ(ပထမနှစ်) သင်္ချာတက်နေပါတယ်။ သမီးကတော့ အဆိုတော်ကြီးဖြစ်ချင်တာပါပဲ"

စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)အနီးတွင် ပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသော ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား မေးမြန်းကြည့်ရာ-

"သားနာမည်က မောင်ခန့်ဝင်း ဖြစ်ပါတယ်။ အခြေခံပညာ အသက်(၁၀-၁၅)နှစ် ပတ္တလားအတီးပြိုင်ပွဲ ဝင်မှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တာ သုံးကြိမ်ရှိပါပြီ။ (၁၄)ကြိမ်မြောက်ပြိုင်ပွဲမှာ အထူးဆု ရရှိခဲ့ပါတယ်။ သားရဲ့ဆရာက

အဆင့်မြင့်ပညာ အဆင့် (အမျိုးသမီး) အဆိုပြိုင်ပွဲဝင် ဧရာဝတီတိုင်း ကိုယ်စားပြု မသိမ်းသိမ်းငွေး။



ဆရာဖိုးနီနဲ့ ဆရာဇေယျာထွန်းတို့ ဖြစ်ပါတယ်။ သားက ဓနုလူမျိုးဖြစ်ပါတယ်။ ညောင်ကောက်ရွာ၊ ပင်းတယမြို့နယ်က ဖြစ်ပါတယ်။ သားကြီးလာရင် ဆိုင်းဆရာကြီး ဖြစ်ချင်တယ်"

သစ်တောသုတေသန ဦးစီးဌာန (စုဝေးခန်းမ)သို့ ရောက်ရှိစဉ် တယောအတီးပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသော ပြိုင်ပွဲဝင်တစ်ဦးအား မေးကြည့်ရာ-

"သမီးအမည် နော်စုသဲသဲအောင် ဖြစ်ပါတယ်။ အခြေခံပညာ အသက်(၅-၁၀)နှစ် တယောအတီးပြိုင်မှာပါ။ ရန်ကုန်တိုင်းမှ ပြိုင်ပွဲဝင်ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ။ (၁၅)ကြိမ်မြောက်ပြိုင်ပွဲမှာ တယောအတီးပြိုင်ပွဲနှင့် ငွေတံဆိပ်ရရှိခဲ့ပါတယ်။ သမီးဆရာကတော့ ဆရာဦးဝင်းကြွယ် ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း မှတ်တမ်းဓာတ်ပုံ - လှရွှေ(ကေတုမတီ)**

သမီးအသက်(၁၀)နှစ် ပဉ္စမတန်းမှာ ပညာသင်ကြားနေပါတယ်။ သမီးက အင်းစိန်မြို့နယ်ကပါ။ ကရင်လူမျိုး ဖြစ်ပါတယ်။ အပတ်စဉ်ဘုရားရှိခိုးကျောင်းတက်တိုင်း တယောလေ့ကျင့်ဖြစ်ပါတယ်။ သမီးကကြီးလာရင် ဆရာဝန်ကြီးလုပ်မယ်" ဟု ချစ်စရာတိုင်းရင်းသား အသံဝဲဝဲလေးဖြင့်ဖြေကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသန(စုဝေးခန်းမ)သို့ ရောက်ရှိရာ အခြေခံပညာ အသက်(၅-၁၀)နှစ် ဒုံမင်းတီးပြိုင်ပွဲဝင်ရန်စောင့်ဆိုင်းနေသော မန္တလေးတိုင်းမှ မနှင်းအိခိုင်အားမေးမြန်းရာ "သမီးက ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ခြင်းဖြစ်ပါတယ်။ သမီးကိုသင်ကြားပေးတဲ့ဆရာကတော့ ဘဘဦးဖိုး

"ဒီနှစ်တော့ ပြိုင်ပွဲဝင်ရတာ အားအရဆုံးဖြစ်လို့ ဆုရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

မမေသကြိန်

[အခြေခံပညာအဆင့်အသက်(၁၅-၂၀)နှစ် အမျိုးသမီး အက ပြိုင်ပွဲဝင်။]



အောင်နဲ့ ဘဘ ဦးစိန်ကျော်တင့်တို့ဖြစ်ပါတယ်။ ပြိုင်ပွဲမဝင်မီ လေးလလောက်ကတည်းက နေ့စဉ်လေ့ကျင့်ခဲ့တာမို့ ပြိုင်ပွဲဝင်ရမှာ မကြောက်ပါဘူး။ သမီးက ရွှေတံဆိပ် ဆုမှန်းထားတယ်။ သမီးကြီးလာရင် ကျောင်းဆရာမကြီး လုပ်မှာပါ" ဟု ရဲဝံ့စွာ ဖြေကြားသည်။



အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ပတ္တလားအတီး ပြိုင်ပွဲဝင် မောင်ခန့်ဝင်း(ရှမ်းပြည်နယ်)။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပပေးခြင်းဖြင့် အလွှာစုံမှ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသည့်စိတ်နှင့် မျိုးချစ်စိတ် ဇာတိမာန် ထက်မြက်ရှင်သန်စေသည့် အစဉ်အလာကောင်းများ ရရှိလျက်ရှိကြောင်း။ ။




တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၅ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်တင်နွယ်ဦးနှင့် အသင်းဝင် ဒေါ်သင်းသင်းဆက်တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၂ဦး တို့အား အောက်တိုဘာ ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှမထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

**မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်**

**၂၃-၁၀-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပဒေသာ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ **"ပျော်ရွှင်ကျန်းမာ သန့်စင်သော အစာ"**
(**ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး၊ ဟဲဇီးဖြူး)**
**(ဒါရိုက်တာ-ကြည်စိုးထွန်း)**
၄း၃၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ အဆိုပြိုင်ပွဲ
၅း၂၅ ၉။ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)
၅း၃၅ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ လက်ဆင့်ကမ်းပေးဂီတတေး
၆း၄၅ ၁၅။ တေးဂီတအစီအစဉ်
၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း" (အပိုင်း-၁၉)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၉)**
၂၂။ အစီအစဉ်ပြီး၏။

## အင်္ဂလန်အသင်းများ ဂိုးပြတ်သွင်းပြီး အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်(၃) ပထမနေ့ပွဲများ

လန်ဒန် အောက်တိုဘာ ၂၂

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) ပထမနေ့ ပွဲများကို (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကျင်းပခဲ့သည်။ ယခုပွဲစဉ်(၃)တွင် အင်္ဂလန် အသင်းများဖြစ်သည့် မန်ယူနှင့် အာဆင်နယ်တို့မှာ ပြိုင်ဘက်အသင်းများကို ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အတူ ဗီလာရီးယဲလ်၊ ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်တို့မှာလည်း ဂိုးပြတ်များဖြင့် အနိုင်ရရှိခဲ့သည်။**

### အုပ်စု(င)

**မန်ယူ။** ။မန်ယူသည် ယခုပွဲတွင် စကော့တလန်ကလပ် ဆဲလ်တစ်နှင့် အိမ်ကွင်းတွင် ကစားခဲ့ရာ မန်ယူက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အိမ်ရှင်မန်ယူတို့သည် ယခုပွဲတွင် ခြေအသာ၊ ကစားကွက်အသာဖြင့် ဧည့်သည်ဆဲလ်တစ်တို့အပေါ် တရစပ်ဖိအားပေး တိုက်စစ်ဆင် ကစားနိုင်ခဲ့သည်။ မန်ယူအတွက် ဂိုးများကို ပွဲချိန်မိနစ် ၃၀နှင့် ၅၁ မိနစ်တို့တွင် ဘာဘာတော့ဗ်၊ ၇၆ မိနစ်တွင် ဝိန်းရွန်နေးတို့က သွင်းယူခဲ့သည်။ အုပ်စု(င)တွင် မန်ယူသည် သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုဗိုလ်အဖြစ် ရပ်တည်နေပြီး ဗီလာရီးယဲလ်မှာလည်း သုံးပွဲကစား ခုနစ်မှတ်ဖြင့် ဒုတိယရရှိနေသည်။

### အုပ်စု(စ)

**ဘိုင်ယန်မြူးနစ်။** ။ဘိုင်ယန်မြူးနစ်သည် ဘွန်ဒက်စ်လီဂါတွင် ရလဒ်များ ဆိုးရွားနေသော်လည်း ယခုပွဲတွင် အီတလီကလပ် ဖီအိုရင်တီးနားကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းပြီး အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်မြူးနစ်မှာ အုပ်စု(စ)တွင် သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုဗိုလ်အဖြစ် ရပ်တည်နေပြီး လိုင်ယွန်မှာ သုံးပွဲကစား ငါးမှတ်ဖြင့် ဒုတိယရရှိနေသည်။

### အုပ်စု(ဆ)

**အာဆင်နယ်။** ။အာဆင်နယ်သည် ယခုပွဲစဉ်(၃)တွင် တူရကီကလပ် ဖီနာဘာချီနှင့် အဝေးကွင်း ကစားခဲ့ရသော်လည်း ခြေစွမ်းပြပြီး အိမ်ရှင်ကို ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်သွင်းကာ အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ပွဲချိန် ၁၀မိနစ်တွင် အဒီဘာယော၊ ၁၁မိနစ်တွင် ဝေါလ်ကော့၊ ၂၁မိနစ်တွင် ဒီယာဘီ၊ ၄၉မိနစ်တွင် ဆောင်းနှင့် မိနစ်၉၀ တွင် ရမ်ဆေးတို့က သွင်းယူပေးခဲ့သည်။ အာဆင်နယ်သည် အုပ်စု(ဆ)တွင် သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုဗိုလ်အဖြစ် ရပ်တည်နေပြီး ဒိုင်နမိုကီယက်မှာ သုံးပွဲကစား ငါးမှတ်ဖြင့် အုပ်စုဒုတိယဖြစ်နေသည်။

### အုပ်စု(ဇ)

**ဂျူဗင်တပ်စ်။** ။ဂျူဗင်တပ်စ်သည် ယခုပွဲစဉ်(၃)တွင် ရီးယဲလ် မက်ဒရစ်ကို အိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲ အနိုင်ရလိုက်ခြင်းကြောင့် ဂျူဗင်တပ်စ်မှာ သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုဗိုလ်အဖြစ် ရပ်တည်နေပြီး ရီးယဲလ်မက်ဒရစ်မှာ သုံးပွဲကစား ခြောက်မှတ်ဖြင့် အုပ်စုဒုတိယသာ ရရှိနေသည်။

**ချန်ပီယံလိဂ်ပွဲစဉ်(၃)ပထမနေ့ရလဒ်များ**
**၂၂-၁၀-၂၀၀၈(ဗုဒ္ဓဟူးနေ့)**

**အုပ်စု(င)**

| | | |
|---|---|---|
| မန်ယူ | ၃ - ၀ | ဆဲလ်တစ် |
| ဗီလာရီးယဲလ် | ၆ - ၃ | အယ်လ်ဘော့ဂ် |

**အုပ်စု(စ)**

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ - ၀ | ဖီအိုရင်တီးနား |
| စတူအာဘူခါရက် | ၃ - ၅ | လိုင်ယွန် |

**အုပ်စု(ဆ)**

| | | |
|---|---|---|
| ပေါ်တို | ၀ - ၁ | ဒိုင်နမိုကီယက် |
| ဖီနာဘာချီ | ၂ - ၅ | အာဆင်နယ် |

**အုပ်စု(ဇ)**

| | | |
|---|---|---|
| ဂျူဗင်တပ်စ် | ၂ - ၁ | ရီးယဲလ်မက်ဒရစ် |
| ဇင်းနစ် | ၁ - ၁ | ဘိုရီဆော့ဗ် |

အင်တာနက်။

**ဝင်းတင်(ကြေးမုံ)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် အောက်တိုဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

**၂၆-၁၀-၂၀၀၈ ရက်နေ့**

**၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွက်**

**၉-၁၁-၂၀၀၈ ရက်နေ့နှင့်**

**၃၀-၁၁-၂၀၀၈ ရက်နေ့**

---

**တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က တရားခံများ ဖမ်းဆီးဖော်ထုတ်ပြီးပြန်လည်သိမ်းဆည်း ရမိသော ပါပလေကာ၊ နီဆန်း၊ စူပါဆလွန်း၊ တောင်းအေ့စ်နှင့် စူပါရုကားများကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်စဉ်။**

(သတင်းစဉ်)




## ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်ခိုးမှုများမှ တရားခံများ ဖော်ထုတ်ဖမ်းဆီးပြီး ပြန်လည်သိမ်းဆည်းရမိသော မော်တော်ယာဉ်များအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၂

**ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်ခိုးမှုများမှ တရားခံများကို ဖော်ထုတ်ဖမ်းဆီးပြီး ပြန်လည်သိမ်းဆည်းရမိသော မော်တော်ယာဉ်များအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ ဦးစီး(၂)ဌာနခွဲမှူး ရဲမှူးသိန်းဝင်းက ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်ခိုးမှုများမှ တရားခံများကို ဖော်ထုတ်ရရှိပြီး သက်သေခံ မော်တော်ယာဉ်များ ပြန်လည်သိမ်းဆည်းရရှိအောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က တရားခံများဖမ်းဆီးဖော်ထုတ်ပြီး ပြန်လည်သိမ်းဆည်းရမိသော ပါပလေကာ၊ နီဆန်း၊ စူပါဆလွန်း၊ တောင်းအေ့စ်နှင့် စူပါရုကားများကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပျောက်ဆုံးမော်တော်ယာဉ်များကို ပြန်လည်လက်ခံရရှိသည့် မော်တော်ယာဉ် ပိုင်ရှင်များကိုယ်စား ပိုင်ရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယာဉ်ပိုင်ရှင်များထံ ပြန်လည်အပ်နှံခဲ့သော မော်တော်ယာဉ်လေးစီးမှာ ခိုးယူခံရပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ စုံစမ်းဖော်ထုတ်မှုကြောင့် ခိုးမှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိကာ ခိုးရာပါကားများကို မူလပုံစံမပျက် သိမ်းဆည်းရမိသဖြင့် ပိုင်ရှင်များထံ ပြန်လည်အပ်နှံခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “သာသနာတော်(၃)ရပ်ပဋိစ္စသမုပ္ပာဒ်” တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇း၅၅ - ၁း၅၅ | နိဗ္ဗာန်ဆီသို့----အမေးအဖြေများ |
| ၈း၁၅ - ၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ - ၂း၂၀ | BOX OFFICE MOVIES "WALL-E" |
| ၈း၃၀ - ၂း၃၀ | အဏ္ဏဝါထဲမှရတနာ(ကဏာန်းပျော့) |
| ၈း၄၀ - ၂း၄၀ | ပြည်တွင်းအနုပညာရေးရာ |
| ၉း၀၅ - ၃း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | Activities In The City (ဒီဇိုင်နာစိုးစိုးသတို့သမီးဝတ်စုံပြပွဲ) |
| ၉း၃၅ - ၃း၃၅ | ကိတ်မုန့်ပေါ်ကအနုလက်ရာ |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၀း၁၀ - ၄း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ - ၄း၁၅ | လုံ လုံ လုံ (ဖိုးညဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်) |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | ပင်လယ်ဝကမ်းခြေ၊ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာ အစင်စံပြကျေးရွာ |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (သဘင်ပညာရပ်အကြောင်းသိကောင်းစရာများ) |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ |
| ၁၁း၄၅ - ၅း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ - ၅း၅၀ | ဂီတသံစဉ်အလှဆင် (တင်တင်မြ) |
| ၁၂း၁၅ - ၆း၁၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာလတ်လတ်နှင့်တွေ့ဆုံခြင်း) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၂ဒသမ ၃၆လက်မ၊ ဂွမြို့တွင် ၁ဒသမ၁၀လက်မနှင့် ရန်ကုန်(မင်္ဂလာဒုံ)တွင် ၀ဒသမ ၉၉လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**စက်တင်ဘာ ၂၃ရက် ညနေထိ ခန့်မှန်းချက်။** ။ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၆ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၉၇ ဒီဂရီဖာရင်ဟိုက်)၂၁-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)၂၂-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း ၂၂-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ဒသမ၈ နာရီခန့် ၂၁-၁၀-၂၀၀၈

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၁၃)မှုတွင် ရောင်းချသူ (၁၁)ဦးအား အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်သူ နှစ်ဦးအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**







# ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသ လက်ဖက်စိုက်ရန် ရေမြေရာသီဥတုကိုက်ညီ လာမည့်နှစ်တွင် လက်ဖက်ဧက ၂၀၀၀ စိုက်ပျိုးရန်ဆောင်ရွက်မည်

**နေပြည်တော်  အောက်တိုဘာ ၂၂**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံအလယ်ပိုင်းတွင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များလိုက်ပါလျက် အောက်တိုဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ နတ်ရေကန်တောင်ဒေသနှင့် မန္တလေးတိုင်း မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားတောင်ဥယျာဉ်ဒေသများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

## လက်ဖက်ဧက ၂၀၀၀ အကောင်အထည်ဖော်မည်

☆ မကွေးတိုင်း ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသသည် လက်ဖက်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီ။

☆ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ဒေသ၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်တို့ရှိ လက်ဖက်ဈေးကွက်များသို့ လွယ်လင့်တကူ ပို့ဆောင် ဖြန့်ဖြူးနိုင်သည့် နေရာဒေသကောင်းဖြစ်။

☆ ယင်းဒေသ၌ လာမည့်နှစ်တွင် လက်ဖက်ဧက ၂၀၀၀ ကို သစ်တောရေးရာဝန်ကြီးဌာန အစီအမံဖြင့် လုပ်ငန်းရှင်များက အကောင်အထည်ဖော် ဆောင်ရွက်ကြမည်။

☆ ဒေသခံ လက်ဖက်စိုက်ပျိုးလုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ဆက်သွယ်ပါက စိုက်ပျိုးရန်မြေ၊ လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်။

☆ ပုပ္ပားတောင်ဥယျာဉ်ဒေသတွင်လည်း လာမည့်နှစ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရသမျှမြေဖြင့် လက်ဖက်စိုက်ပျိုးသွားမည်။

## ကြည့်ရှုစစ်ဆေး

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင် ဥယျာဉ်ဒေသရှိ လက်ဖက်စံပြစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သစ်တော)



**အမျိုးအမည်မသိရသော ပျံသန်းနေသည့် အရာဝတ္ထုကို ပန်းကန်ပြားပျံဟု ခေါ်သည်။**

အ င် တ ာ န က် သိ ပ္ပံ သ တ င် း မျ ာ း

## ပန်းကန်ပြားပျံဆိုင်ရာ စစ်ဘက်မှတ်တမ်းများ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်

**ဘာသာပြန် - ရောမောင်**

**လန်ဒန်  အောက်တိုဘာ ၂၂**

ပန်းကန်ပြားပျံများနှင့် ပတ်သက်နေသော စစ်ဘက်ဆိုင်ရာ မှတ်တမ်းများကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမျိုးအမည်မသိရသော ပျံသန်းနေသည့် အရာဝတ္ထု (unidentified flying object)ကို ပန်းကန်ပြားပျံဟုခေါ်တွင်ပြီး သုတေသီတို့ လေ့လာနိုင်ရန် ယင်းမှတ်တမ်းများကို ထုတ်ပြန်ပေးလိုက်ခြင်းဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ✾

## ကျွန်တော်တို့လယ်သမားတွေ ရေလုပ်သားတွေရဲ့ဘဝ လှေနဲ့ပိုက်နဲ့ ထွန်စက်နဲ့ တင့်တောင့်တင့်တယ် ဖြစ်နေကြပြီ

**သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)  ဓာတ်ပုံ - လှမိုး (သတင်းစဉ်)**

ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ရွှေးမြစ်၏ ရေအလျဉ်သည် ပီဘိ ငြိမ့်ညောင်းသာယာစွာ စီးဆင်းလျက်ရှိနေ၏။ မြစ်ကြောင်းတစ်လျှောက်တွင်လည်း ရေလုပ်သားများစွာတို့သည် စက်လှေကိုယ်စီဖြင့် ကျားပိုက်၊ ငါးသလောက်ပိုက်တို့ဖြင့် ပိုက်ရေးငင်လျက် ပရိယေသနဝမ်းစာကို အေးချမ်းစွာရှာဖွေလျက်ရှိကြ၏။

စာဆိုကြယ်နီ၏ ကိုဒေါင်းစိန်(ခေါ်)ကိုတံငါကိုပင် ရော်ရမ်းလွမ်းတမိသေးသည်။ သို့သော် ခေတ်ဟောင်းကာလက ကိုဒေါင်းစိန်မှာ ခြင်ထောင်မျှပင် မဝယ်နိုင်ခဲ့ချေတကား။

ခေတ်သစ်ရေလုပ်သား ကိုဒေါင်းစိန်တို့မှာမူ မုန်တိုင်းသင့်ပြီးနောက်ပိုင်း နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်တို့ထောက်ပံ့ပေးထားသော စက်တပ်ဆင်ပြီး လှေနှင့် ပိုက်မျိုးစုံတို့ဖြင့် ဖနီး၊ သားသမီး မိသားစုများကို ဝမ်းဝအောင်ရှာဖွေကျွေးနိုင်ကြချေပြီ။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒



**ရေလုပ်သားတစ်ဦးက ရွှေးမြစ်အတွင်းမှ ဖမ်းမိသော ငါးသလောက်ကြီးတစ်ကောင်ကို မြှောက်ပြပြီး နှုတ်ဆက်နေစဉ်။**